# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူ့အဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ(၆၅)၊ အမှတ်(၂၈၃)




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကလေးငယ်များ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာသန့်ဇော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ထုတ်ရောင်းချသူများ လိုက်နာရန် သတိပေးထုတ်ပြန်ခြင်း

အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားစပ်မျိုးဝါ စိုက်ပျိုးသူတောင်သူများအတွက် စပ်မျိုးဝါမျိုးစေ့များရောင်းချရာတွင် စပ်မျိုး F1 အဆင့် မျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ၎င်းစပ်မျိုး F1 ကို စိုက်ပျိုး၍ ရရှိလာသော F2 အဆင့် မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညွှန်ကြားချက်ကို ဝါမျိုးစေ့ထုတ်ရောင်းချသူများ သိရှိပြီးဖြစ်ပါသည်။ ထို့အတူ ၎င်းစပ်မျိုးဝါ F2 မျိုးစေ့များကို တောင်သူများကအသုံးပြု ထပ်မံစိုက်ပျိုးခြင်းမပြုရန်၊ ဝါစိုက်တောင်သူများအား အသိပညာပေးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

၎င်းအပြင် စပ်မျိုးဝါ F2 မျိုးများကို အသုံးပြုစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှုမရှိသည်ကို သိရှိထားပြီး မျိုးစေ့ဥပဒေ (၂၀၁၅) တွင်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မျိုးစေ့များရောင်းချခြင်းမပြုရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဝါမျိုးစေ့ထုတ် ရောင်းချသူများနှင့် ဝါစိုက်တောင်သူများသည် စပ်မျိုးဝါ F2 မျိုးစေ့များအား ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုစိုက်ပျိုးခြင်းမပြုပါရန် သတိပေးထုတ်ပြန်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ယနေ့ မိုးလေဝသ**


| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |

## မုတ်သုံလေ အားကောင်းနေခြင်းကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❖



## မြင်းမူ၌ သဘာဝဘေးကာကွယ်ရေး အသိပညာပေး

မြင်းမူ ဇူလိုင် ၁၄

မြင်းမူမြို့နယ်မီးသတ်ဦးစီးဌာနမှ သဘာဝဘေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက မြင်းမူမြို့ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ပြုလုပ်ရာ

စာမျက်နှာ ၃ ကော်လံ ၁ ●




**ယနေ့ ဖတ်စရာ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်း ဝါသီးနှံ ထုတ်လုပ်မှုအကျိုးအမြတ်အား လေ့လာခြင်း
ဆောင်းပါး ➤ စာ ➤ ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကျင်းပ
လွှတ်တော်ရေးရာ ➤ စာ ➤ ၇





အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

❑ *ရွှေဖုံးမှ*

နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများ အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးစေရေး လေ့ကျင့်သင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းနှင့် ဂေဟာအတွင်းရှိ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်နေမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာသင်ခန်းများ၌ သင်ကြားလေ့ကျင့်နေမှု၊ မသန်စွမ်းကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဂေဟာအတွင်းရှိ ကလေးများလေ့ကျင့်ဆောင်ရွက်နေသော မေတ္တာစံအိမ် Coffee Shop ၊ သင်တန်းကျောင်း အိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးကာ အသက်အရွယ်နှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် သင့်လျော်သည့် သင်ကြားရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝရေး ဆောင်ရွက်ရန်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် လုံခြုံဘေးကင်းသော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ ရက်ကန်းအလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေး**

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို ကလေးငယ်များ အမှီအခိုကင်းစွာ လူမှုဘဝအတွင်း ရပ်တည်နိုင်စေရေးအတွက် ၁၉၇၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အသက်အရွယ်အပိုင်းအခြားအလိုက် မသန်စွမ်းကလေးငယ် ၂၅၀ ကို ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စင်တာတာဝန်ခံက ကျောင်းတွင်းလုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်များ နေရာချထားပေးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ စင်တာ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စင်တာအတွင်းရှိ ရက်ကန်းအလုပ်ရုံနှင့် စက်ချုပ်ခန်းတို့၌ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု၊ အရောင်းဆိုင်တွင် လက်မှုချည်ထည်အသုံးဆောင်ပစ္စည်းများ ရောင်းချပေးနေမှုနှင့် စင်တာ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ရောက်ရှိကြပြီး အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သင်ကြားပေးလျက်ရှိသည့် မိန်းမဝတ်အခြေခံ/ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းစီမံခန့်ခွဲမှုသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ပလတ်စတစ်ခြင်းထိုးသင်တန်း၊ မုန့်မျိုးစုံပြုလုပ်သည့်သင်တန်းတို့၌ သင်ကြားလေ့ကျင့်နေမှုအခြေအနေနှင့် စံပြရင်သွေး အိမ်မှုကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သင်တန်းများကို ခေတ်နှင့်အညီ လက်တွေ့ကျွမ်းကျင်မှုကို အလေးထားသင်ကြားပေးရန်၊ အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးအတတ်ပညာများကို ထိရောက်စွာသင်ကြားပေးရန် မှာကြားသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမင်းသိမ်း အား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်း အား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ ပူးပေါင်းကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်(ခ) ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့်ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအား ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများပါရှိလာပါက လေဆိပ်အကောက်ခွန် ကောင်တာတွင် Passenger Declaration Form (PD Form) ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ကြေညာရာတွင် PD Form ၌ IMEI နံပါတ်အား မဖြစ်မနေထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍ လျှောက်ထားနိုင်သည်–

(က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့် လျှောက်လွှာ

( ခ ) Passport (မိတ္တူ) (ဓာတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသော စာမျက်နှာ)

( ဂ ) Boarding Pass (မူရင်း၊ မိတ္တူ)

(ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)

( င ) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားနိုင်ခြင်းမရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများ ကောက်ခံသွားမည် ဖြစ်ပါသည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိသာ လျှောက်ထားနိုင်သည်။

**CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ**

● *ရွှေဖုံးမှ*

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက သဘာဝဘေးအန္တရာယ်ဆိုင်ရာသိကောင်းစရာများ၊ ရေဘေးအန္တရာယ်ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး 191 Report application အသုံးပြုတတ်စေရန် တို့ကို အသိပညာပေးဟောပြောပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်အကျီဝတ်ဆင်နည်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီတို့သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ တက်ရောက်လေ့လာသည့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာနှင့် တွဲဖက်အတွင်းရေးမှူး (၁) သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးတို့ဦးဆောင်သည့်အဖွဲ့အား လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ကူညီဆောင်ရွက်နေမှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆုတောင်းပွဲများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းမှုရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ ငြိမ်းချမ်းရေးအတွက် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။



အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီဝင်များက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့တွင် ရာဇဝတ်အမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၀၆၂၃ မှု၊ လက်ခံရရှိမှု ၁၄၀၂၉၃ မှုဖြစ်ပြီး ၁၄၁၆၀၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉၃၁၅ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၄၇၄၉ မှု၊ လက်ခံရရှိမှု ၁၇၇၀၂ မှုဖြစ်ပြီး ၁၈၂၃၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲအမှု ၂၄၂၂၀ ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၅၇၉၉၅ မှု လက်ခံရရှိပြီး ၁၅၉၈၃၂ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၁ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အမှုများကြန့်ကြာမှုမရှိစေဘဲ ပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အရည်အသွေးအသိအမှတ်ပြု သင်တန်းဆိုင်ရာဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

Naypyitaw State Polytechnic University (NSPU) တွင် ဖွင့်လှစ်သင်ကြားနေသည့် အင်ဂျင်နီယာဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ အရည်အသွေးအသိအမှတ်ပြုမှုရရှိစေရန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာ အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Engineering Education Accreditation Committee – EEAC) တို့ပူးပေါင်း၍ အရည်အသွေးအသိအမှတ်ပြုသင်တန်းဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်၊ EEAC ဥက္ကဋ္ဌ Professor ဒေါက်တာဇော်မင်းအောင်နှင့် ပါမောက္ခချုပ်(ငြိမ်း) Professor ဒေါက်တာမြမြဦးတို့က အရည်အသွေးစိစစ်အသိအမှတ်ပြုခြင်းဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် Naypyitaw State Polytechnic University မှ ပါမောက္ခချုပ်(တာဝန်) ဒေါက်တာစိုးလင်းအောင်က ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုအနေဖြင့် ရလဒ်အခြေပြု သင်ကြားသင်ယူမှုစနစ်နှင့် ချိတ်ဆက်အသုံးပြုနေသော Learning Management System ဆိုင်ရာ အချက်အလက်များအား တင်ပြဆွေးနွေးသည်။

အဆိုပါဟောပြောပွဲကို ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံများအား စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ပဉ္စမထပ်ရှိ စုပေါင်းခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် စက်မှုဇုန် – ၁ ရှိ Proven Technology Industry Co., Ltd. ၏ ခဲအက်စစ်၊ ဘက်ထရီထုတ်လုပ်ခြင်းနှင့် မိုးရေထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် စက်မှုဇုန် – ၃ ရှိ YANGON CROWN Co., Ltd. ၏ လျှပ်စစ်ဝိုင်ယာကြိုးထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး အိမ်သုံးဝိုင်ယာကြိုး၊ လုပ်ငန်းသုံးဝိုင်ယာကြိုး၊ ဗို့အားမြင့်သုံးဝိုင်ယာကြိုး၊ တယ်လီဖုန်းဝိုင်ယာကြိုးနှင့် တီဗွီသုံးကြိုးများ ထုတ်လုပ် ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် စက်မှုဇုန် – ၃ ရှိ FAME Pharmaceuticals Industry Co., Ltd. ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်ပြီးဆေးဝါးများအား ကူဝိတ်၊ စင်ကာပူ၊ ရုရှား၊ တောင်ကိုရီးယားနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့နေမှုနှင့် ပြည်တွင်းဖြန့်ဖြူးပေးနေမှုများကို တာဝန်ရှိသူများက ရှင်းလင်း တင်ပြကာ စက်ရုံအတွင်း လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် စက်မှုဇုန် ၂ ရှိ Green Land ဆန်စက်နှင့် သိုလှောင်ရုံသို့ရောက်ရှိပြီး ဆန်၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ရော်ဘာ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ B- Annex သင်တန်းခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပြည်သူ့ငွေစာရင်း ကော်မတီနှင့် စပ်လျဉ်းသည့်သင်တန်းသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေး ကဏ္ဍကို ဆောင်ရွက်သည့်နေရာတွင် ပြည်သူ့ ငွေစာရင်းကော်မတီသည် အရေးပါသည့် အမြဲတမ်း ကော်မတီတစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းမှ တစ်ဆင့် လွှတ်တော်အခန်းကဏ္ဍမြှင့်မားတိုးတက် ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဒီမိုကရေစီ လမ်းကြောင်းပေါ်က ရွေးကောက်ပွဲမှတစ်ဆင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူ များက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ ကိုယ်စားလှယ်များ စုစည်းရာနေရာတစ်ခုဖြစ်ပြီး လွှတ်တော်ကော်မတီများက အခြေခံကျသော ဒေါက်တိုင်များဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများအနက် အရေးပါသည့် အမြဲတမ်းကော်မတီများတွင် ပါဝင်သော ပြည်သူ့ ငွေစာရင်းကော်မတီသည် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်နှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် အထောက် အကူပြုသည့် ကော်မတီဖြစ်သည်နှင့်အညီ ယခု သင်တန်းသည် အရေးကြီးဆုံးသင်တန်းတစ်ခုဖြစ်ပါ ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် နိုင်ငံ များတွင် လွှတ်တော်သည် ဥပဒေပြုရေးကို တာဝန် ယူရသည်သာမက ပြည်သူ့ဘဏ္ဍာကို စောင့်ရှောက် ထိန်းသိမ်းရန်လည်း တာဝန်ရှိပါကြောင်း၊ ပြည်သူ များ၏ အခွန်၊ ဝင်ငွေ၊ ချေးငွေနှင့် စုဆောင်းငွေ စသည် တို့ကို လေလွင့်မှုမရှိစေရန်၊ ထိရောက်စွာ အသုံးပြုနိုင် ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော် ကို ကူညီစစ်ဆေးစီမံပေးရပါကြောင်း၊ ထို့ပြင် ပြည်သူ့ ဘဏ္ဍာငွေများနှင့်ပတ်သက်ပြီး စစ်ဆေးရန်မှာ လွှတ်တော်၏ အခြေခံတာဝန်တစ်ရပ်ပင် ဖြစ်ပါ ကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အောင်မြင် မှုကို အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာခြင်းနှင့် ဘဏ္ဍာငွေလေလွင့်မှု နည်းပါးလာခြင်းများဖြင့် တိုင်းတာရမည်ဖြစ်ပြီး ပြည်သူများအတွက် ပိုမိုအကျိုးခံစားခွင့်ရရှိလာမည် လည်း ဖြစ်ပါကြောင်း။

နိုင်ငံတကာ လွှတ်တော်များတွင် ဖွဲ့စည်းထားရှိ သော ပြည်သူ့ငွေစာရင်းကော်မတီသည် ပွင့်လင်း မြင်သာမှု (Transparency)၊ တာဝန်ခံမှု (Accountability) နှင့် ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) တို့ကို မြှင့်တင်ပေးသည့်နေရာ တွင် အရေးပါသော ယန္တရားအဖြစ် သတ်မှတ်ခံထား ရပါကြောင်း၊ ယနေ့ခေတ်တွင် ငွေအသုံးဝင်မှုတန်ဖိုး (Value of Money) ဟူသည့် အယူအဆသည် တစ်နေ့ထက်တစ်နေ့ အလွန်အရေးကြီးလာပါ ကြောင်း၊ ငွေများသည် သုံးစွဲရန် သက်သက်သာ မဟုတ်ဘဲ အသုံးစရိတ်များသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိကို ဆက်လက် သုံးသပ်ရမည်ဖြစ်ပြီး ၎င်းသည် Performance Audit ၏ အခြေခံသဘောတရားပင်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များအနေ ဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များထဲတွင် ပါရှိသည့်အတိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာများအား လေ့လာခြင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲမှု၊ စီမံကိန်းများ အကဲဖြတ်မှု၊ ဘေးအန္တရာယ်စီမံမှုနှင့် ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် ထားရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏ အကြံပြု ချက်များသည် ကောင်းမွန်သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်ဆောင်ရွက်သင့်ပါကြောင်း၊ ယခုသင်တန်း သည် ငွေစာရင်းဆိုင်ရာ အသိပညာတိုးပွားရေးသာမက ကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လွှတ်တော် ၏ စောင့်ကြည့်ထိန်းကျောင်းရေး၊ ဘဏ္ဍာရေး စည်းမျဉ်းများ ခိုင်မာအားကောင်းစေရေးစသည်တို့ အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါ ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပို့ချဆွေးနွေး ချက်များအပေါ် အာရုံစိုက်ပြီး အပြန်အလှန် မေးမြန်း ခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြစေလိုပါ ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကာကွယ် စောင့်ရှောက်ခြင်းသည် မိမိတို့လွှတ်တော်၏ ဂုဏ်သိက္ခာမြှင့်တင်ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ ငွေစာရင်းကော်မတီသည် ခိုင်မာတောင့်တင်းသည့် လွှတ်တော်အဖြစ် ဖန်တီးနိုင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် အားဖြည့်အထောက်အကူပြု ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသည့် ပထမအကြိမ် ပြည်သူ့ လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် (ကော့ကရိတ်မဲဆန္ဒနယ်) က ဆွေးနွေး ပို့ချသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းကော်မတီရေးဆွဲ ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချမှုများအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌ များ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်း များ ဖတ်ရှုနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် (ငြိမ်း) ဦးအုန်းသန်းက ပေးအပ်လှူဒါန်း သည့် အမျိုးသားညီလာခံမှတ်တမ်းများ၊ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှ အချက်အလက်များကို အခြေခံ၍ စုဆောင်းတင်ပြထားသော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနှစ်သာရများအမည်ရှိ စာအုပ် ၅၀ အား လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်



**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံသို့တရားဝင် ခရီးစဉ်သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်အား ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်ပေါင်းရာချီ ကြာမြင့်သည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံထားသော အိမ်နီးချင်းကောင်း နိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့် ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရန် ကိစ္စများကို ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Her Majesty Queen Sirikit နှင့် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး Princess Bajrakitiyabha တို့ ကံတော်ကုန်လွန်ခဲ့ခြင်းအတွက် ဗန်ကောက်မြို့ရှိ ဘုရင့်နန်းတော်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဟုမ္မလင်းမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက် အားကောင်းနေမည်။**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်း ဝါသီးနှံထုတ်လုပ်မှုအကျိုးအမြတ်အား လေ့လာခြင်း

သိင်္ဂီမြင့်(YAU)



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရွှေတောင်-၁၀ ဝါစိုက်ခင်း။

မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပြီး ပြည်ပ ပို့ကုန် ပိုမိုတင်ပို့ရေး၊ သွင်းကုန်အစားထိုး ထုတ်လုပ် ရေးတို့ကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက် ရှိသည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ဝါကို မြန်မာမင်း များ လက်ထက်ကပင် စိုက်ပျိုးခဲ့ကြပြီး ပြည်ပသို့ တင်ပို့နိုင်ခဲ့သော ပို့ကုန်သီးနှံတစ်မျိုးဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ရောင်းချနေရသည့် သီးနှံဖြစ် သည်။ သဘာဝချည်မျှင်လုပ်ငန်း အခြေခံအသေး စား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးတွင် အရေးအပါဆုံး စက်မှုကုန်ကြမ်းသီးနှံဖြစ် သည့် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး နိုင်ငံ အတွင်း စိုက်ပျိုးထုတ်လုပ်နေသည့် ဝါစိုက်ဧကများမှ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဖူလုံမှုမှသည် ပြည်ပ သို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပါအဝင် ဆက်စပ် ဝန်ကြီးဌာနများက ကြိုးပမ်းဆောင်ရွက်လျက်ရှိ ပါသည်။

ဝါသီးနှံကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်း ရာသီများတွင် စိုက်ပျိုးနိုင်ပြီး မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း၊ မိုးရာသီတွင် မေလလယ်မှ ဇွန်လကုန်အတွင်း မိုးနှောင်းရာသီ တွင် ဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုး လေ့ရှိသည်။ ဝါသီးနှံတစ်ကေလျှင် ပန်းတိုင်အထွက် နှုန်း ပိဿာ ၇၀၀ သတ်မှတ်ထားပြီး ဝါသီးနှံ

> ❑ **ရွှေတောင်-၁၀ ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး(BCR)မှာ ၂ ဒသမ ၉၃ ဖြစ်သည်။ BCR အများဆုံးမှာ ၁၂ ဒသမ ၆၇ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ငွေကျပ် ၁၁ ဒသမ ၆၇ သိန်းထိ အကျိုးအမြတ်ရှိသည်ကို တွေ့ရသည်။ ရွှေတောင်-၈ ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR)မှာ ၂ ဒသမ ၅၈ ဖြစ်သည်။ (BCR)အများဆုံးမှာ ၇ ဒသမ ၄၃ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ကျပ် ၆ ဒသမ ၄၃ သိန်း အမြတ်ရရှိ**
>
> ❑ **လေ့လာခဲ့သောဒေသတွင် အစိုက်အများဆုံး ဝါမျိုးသုံးမျိုးအနက် ရွှေတောင်-၁၀ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အများဆုံးဖြစ်ပြီး ရွှေတောင်-၈ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အနည်းဆုံးဖြစ်**

စိုက်ပျိုးရေးဇုန်အလိုက် အားပေးဆောင်ရွက်လျက် ရှိရာ ပြည်တွင်းမှ မျိုးကောင်းမျိုးသန့်များမှာ တစ်ကေလျှင် ပိဿာ ၇၀၀ - ၈၀၀ မှသည် ပိဿာ ၁၀၀၀ အထိ ထွက်ရှိနိုင်သော်လည်း တောင်သူများ အနေဖြင့် စိုက်နည်းအဆင့်ဆင့်တွင် မှန်ကန်အောင် ပြုလုပ်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကဝါစိုက်ပျိုးသော ဒေသ များတွင် တောင်သူများ အဓိက စိုက်ပျိုးကြသော ဝါမျိုးများ၏ အားနည်းချက်၊ အားသာချက်များ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အကျိုးအမြတ်များကို သိရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသီးနှံဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွား ပညာဌာနတို့ ပူးပေါင်း၍ "ဝါသီးနှံ ထုတ်လုပ်မှု၊ အကျိုးအမြတ်နှင့် ရောင်းချမှု ကွင်းဆက်ကို လေ့လာခြင်း" သုတေသနကို မြန်မာနိုင်ငံ၏ အဓိက ဝါစိုက်ပျိုး ထုတ်လုပ်သည့်ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အတွင်းရှိ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များတွင် လေ့လာခဲ့ပါသည်။

မိတ္ထီလာခရိုင်တွင် တောင်သူများ အဓိက စိုက်ပျိုးသော ဝါမျိုးသုံးမျိုးမှာ ရွှေတောင်-၁၀၊ ရွှေတောင်-၈ နှင့် ရာကာတို့ဖြစ်သည်။ အများဆုံး စိုက်ပျိုးကြသော ဝါမျိုးဖြစ်သည့် ရွှေတောင်-၁၀ ကို စိုက်ပျိုးရခြင်း၏ အားသာချက် ခုနစ်ချက်မှာ (၁)မျိုးစေ့ကုန်ကျစရိတ်နည်းခြင်း၊ (၂)ဝါအထွက်နှုန်း ကောင်းခြင်း၊ (၃) ထွက်ရှိသော ဝါအရည်အသွေး ကောင်းခြင်း၊ (၄) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၅)ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၆)ရိတ်သိမ်း ခူးဆွတ်ရလွယ်ကူခြင်းနှင့် (၇)သွင်းအားစုကုန်ကျ စရိတ်နည်းခြင်းတို့ ဖြစ်ကြပါသည်။

ဒုတိယအများဆုံးစိုက်ပျိုးကြသော ဝါမျိုး ဖြစ်သည့် ရွှေတောင် - ၈ ကို စိုက်ပျိုးရခြင်း၏ အားသာချက် ခြောက်ချက်မှာ (၁)မျိုးကောင်းမျိုးသန့် လွယ်ကူစွာရရှိခြင်း၊ (၂)ဝါအထွက်နှုန်းကောင်းခြင်း၊ (၃) ထွက်ရှိသော ဝါအရည်အသွေးကောင်းခြင်း၊ (၄) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၅) ရောဂါပိုးမွှား ဒဏ်ခံနိုင်ရည်ရှိခြင်းနှင့် (၆)ရိတ်သိမ်းခူးဆွတ် ရလွယ်ကူခြင်းတို့ ဖြစ်ကြပါသည်။

တတိယအများဆုံးစိုက်ပျိုးကြသော ဝါမျိုးဖြစ် သည့် ရာကာကို စိုက်ပျိုးရခြင်း၏ အားသာချက် သုံးချက်မှာ (၁) စိုက်ပျိုးကုန်ကျစရိတ်နည်းခြင်း၊ (၂) ဝါအထွက်နှုန်းကောင်းခြင်းနှင့် (၃)ဝါအရည် အသွေးကောင်းခြင်းတို့ဖြစ်သည်။ သို့ဖြစ်ပါ၍ လေ့လာခဲ့သော အချက်အလက်များအရ တောင်သူ များအတွက် အားသာချက်အများဆုံးမျိုးမှာ ရွှေတောင်-၁၀ ဖြစ်ပါသည်။

ရွှေတောင်-၈ မျိုး၏ အားနည်းချက်သုံးချက်မှာ (၁)အထွက်နည်းခြင်း၊ (၂)ပိုးမွှားဒဏ်မခံနိုင်ခြင်းနှင့် (၃)အရည်အသွေးမကောင်းခြင်းတို့ဖြစ်ပြီး ရာကာ မျိုး၏ အားနည်းချက်သုံးချက်မှာ (၁)အထွက်နည်း ခြင်း၊ (၂)ရောဂါပိုးမွှားဒဏ်မခံနိုင်ခြင်းနှင့် (၃)ရာသီ ဥတုဒဏ်မခံနိုင်ခြင်းတို့ ဖြစ်ကြပါသည်။ သို့ရာတွင် တောင်သူများမှ ရွှေတောင်-၁၀ ၏ အားနည်းချက် များအား ဖြေကြားထားခြင်းမရှိပါ။

လေ့လာမှုများကို အခြေခံ၍ မိတ္ထီလာခရိုင် မြို့နယ်လေးမြို့နယ်တွင် အဓိက စိုက်ပျိုးကြသော ဝါမျိုးများ(ရွှေတောင်-၁၀၊ ရွှေတောင်-၈ နှင့် ရာကာ) ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အသီးသီး၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR)တို့အား နှိုင်းယှဉ်လေ့လာမှုကို ဇယား(၁)တွင် ဖော်ပြထားပါသည်။

ရွှေတောင်-၁၀ ၏ ပျမ်းမျှ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး(BCR)မှာ ၂ ဒသမ ၉၃ ဖြစ်သည်။ BCR အများဆုံးမှာ ၁၂ ဒသမ ၆၇ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ငွေကျပ် ၁၁ ဒသမ ၆၇ သိန်းထိ အကျိုးအမြတ်ရှိသည်ကို တွေ့ရသည်။ ရွှေတောင်-၈ ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျ စရိတ်အချိုး(BCR)မှာ ၂ ဒသမ ၅၈ ဖြစ်သည်။ (BCR) အများဆုံးမှာ ၇ ဒသမ ၄၃ ဖြစ် ၍ တစ်ကေ လျှင် ကျပ်တစ်သိန်းရင်းပါက ကျပ် ၆ ဒသမ ၄၃ သိန်း အမြတ်ရရှိကြောင်း လေ့လာခဲ့ရသည်။

ရာကာ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျ စရိတ်အချိုး(BCR)မှာ ၂ ဒသမ ၈၉ ဖြစ်သည်။ BCR အများဆုံးမှာ ၁၀ ဒသမ ၄၁ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ကျပ် ၉ ဒသမ ၄၁ သိန်း အမြတ်ရရှိပါသည်။ သို့ဖြစ်၍ လေ့လာခဲ့သောဒေသ တွင် အစိုက်အများဆုံး ဝါမျိုးသုံးမျိုးအနက် ရွှေတောင်-၁၀ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အများဆုံးဖြစ်ပြီး ရွှေတောင်-၈ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အနည်းဆုံးဖြစ်သည် **(ဇယား ၁)။**

**ဇယား(၁) အဓိကစိုက်ပျိုးသော ဝါမျိုးများ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး**

| အကြောင်းအရာ | ပျမ်းမျှ | အနည်းဆုံး | အများဆုံး | ကွဲလွဲချက် |
|---|---|---|---|---|
| **ရွှေတောင်-၁၀ စိုက်ပျိုးသူ (၁၂၄ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၉၃ | ၀.၈၀ | ၁၂.၆၇ | ၁.၈၇ |
| **ရွှေတောင်-၈ စိုက်ပျိုးသူ (၅၂ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၅၈ | ၀.၇၄ | ၇.၄၃ | ၁.၆၂ |
| **ရာကာစိုက်ပျိုးသူ (၃၄ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၈၉ | ၀.၈၆ | ၁၀.၄၁ | ၁.၉၇ |

တောင်သူများ လက်ခံထားသော ဝါသီးနှံ စိုက်ပျိုးရခြင်း၏ အားသာချက်များမှာ ရာသီဥတု ပြောင်းလဲမှုခံနိုင်ရည်ရှိခြင်း၊ အခြားသီးနှံထက် အမြတ်ပိုမိုရရှိခြင်း၊ မျိုးကောင်းမျိုးသန့် အလွယ် တကူရရှိခြင်း၊ အခြားသီးနှံထက် ဈေးကွက်ခိုင်မာခြင်း၊ ရေလိုအပ်မှုနည်းခြင်း၊ သီးနှံစိုက်ပျိုးမှုပုံစံ ပြောင်းလဲ လာခြင်း၊ မိရိုးဖလာစိုက်ပျိုးခြင်း၊ အခြားသီးနှံထက် ကုန်ကျစရိတ်နည်းပါးခြင်း၊ သီးနှံစိုက်ပျိုးရာတွင် လုပ်အားလိုအပ်ချက်နည်းခြင်းတို့ ဖြစ်ပါသည်။

ဝါသီးနှံစိုက်ပျိုးရခြင်း၏ အဓိကအဟန့်အတား များမှာ ခိုင်မာသောကြမ်းခင်း ဈေးနှုန်း သတ်မှတ်ရန် လိုအပ်ခြင်း၊ ချေးငွေလုံလောက်စွာမရရှိခြင်း၊ ဈေးနှုန်း တည်ငြိမ်မှုမရှိခြင်း၊ သွင်းအားစု ကုန်ကျစရိတ်များ ခြင်းနှင့် အလုပ်သမားရှားပါးခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသီးနှံဌာနခွဲနှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ ပူးပေါင်းလေ့လာမှုများကို အခြေခံ၍ ဝါစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်ရန်အတွက် ဝါသီးနှံမျိုးစေ့နှင့် စိုက်ပျိုးသွင်းအားစုဆိုင်ရာ အကြံပြုချက်များမှာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသော ဝါမျိုးစေ့များကို အကျိုးတူလယ်ယာစနစ်(Contract farming)ဖြင့် ထုတ်လုပ်ရန်၊ သွင်းရေရရှိရန် ပံ့ပိုးပေး ရန်၊ ထွန်စက်များ၊ ဝါကြိတ်စက်များ အစရှိသည် တို့ကို သင့်တော်သော နှုန်းထားများဖြင့် ငှားရမ်းပေး ရန်၊ ဝါစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးခြင်း၊ သွင်းအားစုများ စနစ်တကျ အသုံးပြုရန်နှင့် သိပ္ပံနည်းကျ ဝါစိုက်ပျိုးခြင်း နည်းပညာများအား သင်ကြားလေ့ကျင့်ပေးခြင်းများ ပြုလုပ်ရန်၊ ဝါသုတေသနခြံများတွင် ပြည်တွင်းနှင့် နိုင်ငံခြားပညာရှင်များ ပူးပေါင်း၍ ဝါစပ်မျိုးထုတ် လုပ်ငန်းဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော ဝါမျိုး ကောင်းမျိုးသန့်များအား တောင်သူထံသို့ ရောက် အောင် ဖြန့်ဝေပေးရန်တို့ ဖြစ်ပါသည်။

ထို့အပြင် ဝါသီးနှံကဏ္ဍတွင် အရည်အသွေးမြင့် ချည်မျှင်များထုတ်လုပ်နိုင်သည့် ဝါအမျိုးအစားများ ကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဈေးကွက် ဝယ်လိုအားနှင့် အရည်အသွေးအလိုက် ဈေးနှုန်း သတ်မှတ်ချက်များအား ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်နေ သော ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍမှ သေချာ သော အာမခံချက်များပေးရန် လိုအပ်ပါသည်။ ဝါသီးနှံထုတ်လုပ်မှုနှင့် ရောင်းချမှု ကွင်းဆက် တစ်လျှောက်လုံးအား လေ့လာသောသုတေသနများ ဆက်လက်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက် အရေးပါသော ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား တစ်ကေ အထွက်တိုးစေရန် တွန်းအားပေး ဆောင်ရွက်သင့်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၀ တက်ရောက်သဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ထုတ်ပြန်ကြေညာသည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ် အခြေအနေကြေညာခြင်း အတည်ဖြစ်သည့် ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ) တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က AI နည်းပညာသည် လူသားသမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး နည်းပညာတစ်ခုအဖြစ် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများကို အသစ်ပုံဖော်နေသည့် နည်းပညာတစ်ရပ်ဖြစ်ပါကြောင်း၊ အလားတူ



လူသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများအပေါ်တွင်ပါ ကြီးကြီးမားမား ပြောင်းလဲသက်ရောက်စေနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

ယခု ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) သည် AI နည်းပညာကို ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားသည်ကို တွေ့ရသကဲ့သို့ AI နည်းပညာကို စနစ်တကျ မှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးနှင့် နည်းပညာသည် လူသားတို့၏ ကောင်းကျိုးကိုသာ ဆောင်ကြဉ်းစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် လူအများ၏ စိုးရိမ်ပူပန်မှုများ လျှော့ချရန်၊ AI ကို လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သည့် နည်းပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်၊ လူမှုပတ်ဝန်းကျင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသည့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ လူသားဗဟိုပြုချဉ်းကပ်မှုကို လိုက်နာစောင့်ထိန်းရန်နှင့် အဖွဲ့ဝင်အားလုံးအတွက် AI နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အသုံးပြုမှုနှင့် လက်တွေ့အသုံးချမှုတို့ကို မြှင့်တင်ရန်၊ AI နည်းပညာ အရှိန်အဟုန်မြှင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှုမြင်လျက် AI နည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်နှင့် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမျှတပြီး ခွဲခြားမှုမရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပူးတွဲတည်ထောင်သွားရန်၊ မတူကွဲပြားသည့် AI နည်းပညာကို ပေါင်းကူးနိုင်ရန်၊ AI နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်၊ ခေတ်မီ AI များမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို စုပေါင်းကိုင်တွယ်ဖြေရှင်းရန်တို့ ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်များ ဆောင်ရွက်နိုင်ရေးအတွက် ပလက်ဖောင်းတစ်ခု တည်ထောင်ရန်၊ AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ အုပ်ချုပ်မှုစည်းမျဉ်းများ၊ နည်းပညာစံနှုန်းများနှင့် ပတ်သက်၍ ထိန်းညှိမှုများနှင့် ညှိနှိုင်းမှုများကို တိုးမြှင့်သွားရန်၊ ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန်၊ မူဝါဒဆိုင်ရာ ဘုံသဘောတူညီချက်များ တည်ထောင်ရန်၊ အချင်းချင်း ပေါင်းစည်းလုပ်ဆောင်မှု မြှင့်တင်ရန်နှင့် အကောင်းဆုံးလုပ်ငန်း အလေ့အထများကို မျှဝေရန်၊ AI သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ Open-Source စနစ်များ ဖွံ့ဖြိုးရေးတို့တွင် ပူးတွဲကြိုးပမ်းမှုများကို အားပေးအားမြှောက်ပြုရန်၊ ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု မြှင့်တင်ရန်၊ ကုလသမဂ္ဂမူဘောင်အတွင်းရှိ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသော နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို စူးစမ်းလေ့လာရန်၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကို အရပ်ဘက်သုံး AI နည်းပညာကဏ္ဍအတွက်သာ ကန့်သတ်ထားရန်တို့ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများတွင် အဓိကဖော်ပြထားသည်မှာ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ မတူကွဲပြားမှုများကို အလေးထားမည်ဟု ဖော်ပြထားပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ထည့်ဝင်ထောက်ပံ့ငွေကြေးကို ကောင်စီက သတ်မှတ်မည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ရာတွင် သဘောတူညီထားသည့် ငွေကြေးသတ်မှတ်ချက်နှင့် Universal Postal Union တွင် ထည့်ဝင်သည့် ငွေကြေးအချိုးအစားသတ်မှတ်ချက်တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တွင် အခန်း(၁၈)ခန်းပါဝင်ပါကြောင်း၊ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ၏ တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ပါ အချက်အလက်များကို ခြုံငုံကြည့်ပါက လက်မှတ်ရေးထိုးမှုကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း လက်မှတ်ရေးထိုးကြသည့် နိုင်ငံများသည် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံများ(Founding Members of the Organization) အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးရေး မဟာဗျူဟာများ တိုးတက်ရေးတို့ကို လုပ်ဆောင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးရေးအပေါ် များစွာ အထောက်အကူဖြစ်စေမည့် အဖွဲ့အစည်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ဦးစားပေးစံနှုန်းများအဖြစ် ထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုအကျိုးကျေးဇူးများကို နိုင်ငံတကာနှင့် တန်းတူညီမျှမျှဝေခံစားနိုင်ခြင်း၊ နည်းပညာဈေးကွက်နှင့် Digital Economy ဖော်ဆောင်မှုတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် တန်းတူ ပူးပေါင်းပါဝင်ခြင်းအားဖြင့် အခွင့်အလမ်းများ ရယူနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လွှတ်တော်အရပ်ရပ်တွင် AI နည်းပညာ၏ အရှိန်အဟုန်နှင့် တိုးတက်လာမှု၊ စိန်ခေါ်မှုများကို အလေးအနက်ထား ထည့်သွင်းဆွေးနွေးနေကြပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ထိုကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လက်ရှိ ကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါနေ့ရက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် နေ့ရက်များကို လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ပြင်ဆင်ရန် လိုအပ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်) တို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းများ၊ ပြည်ပသို့တင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် ဝါသီးနှံစိုက်ပျိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်ဆောင်ရွက်မှုနှင့် သွင်းအားစုအခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထပ်မံထုတ်ချေးပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာမဟာမိတ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

**ကူမင်း ဇူလိုင် ၁၄**

၂၀၂၆ ခုနှစ် တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာ မဟာမိတ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော် ကူမင်းမြို့ရှိ Hyatt Place Hotel ခန်းမဆောင်တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ဦးစွာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့၏ တေးသီချင်း စုပေါင်းသီဆိုမှုဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဇိန်းယန့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကမ္ဘာကြီး၌ နည်းပညာတိုးတက်ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်မှုနှင့် အတူ နိုင်ငံများအကြားတွင်လည်း အကွာအဝေးများ လျှော့ချပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးမတည်ငြိမ်မှုနှင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ အန္တရာယ်များ၊ နိုင်ငံဖြတ်ကျော် လုံခြုံရေး စိန်ခေါ်မှုများကို နိုင်ငံတစ်နိုင်ငံတည်းဖြင့်သာ မဖြေရှင်းနိုင်တော့ဘဲ ဘုံစိန်ခေါ်မှုများအဖြစ် ပေါ်ထွက်လာမှုများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တက်ကြွသော၊ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ(၅)ရပ်ကို အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ယနေ့ချိန်ခါတွင် မီဒီယာသည် သတင်းဖြန့်ဝေသည့် ဆက်သွယ်ရေးနည်းလမ်း တစ်ခုသာမကဘဲ နိုင်ငံများနှင့် ပြည်သူများအကြားတွင် ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုတံတားများကို တည်ဆောက်ပေးနိုင်သည့် အင်အားတစ်ရပ်ဖြစ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မကြာသေးမီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့စဉ် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် သဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အင်အားများဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံ သတင်းထောက်များ အသင်းနှင့် တရုတ်နိုင်ငံ နေ့စဉ်သတင်းစာတို့မှ တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ သတင်းထောက်များ တစ်ထောက်နားစခန်း-ယူနန် ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းနှင့် လှုပ်ရှားမှုစီမံချက် ထုတ်ပြန်ခြင်း အစီအစဉ်ကို တက်ရောက်လာကြသည့် နိုင်ငံတကာမီဒီယာ တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများက "သွေးက ပြောသော သစ္စာ" သီချင်းအား မြန်မာ တိုင်းရင်းသား ဝတ်စုံများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ တောင်အာရှနှင့်အရှေ့တောင်အာရှတို့ရှိ နိုင်ငံပေါင်း ၂၀ တို့မှ မီဒီယာတာဝန်ရှိသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာခေါင်းစဉ်များအလိုက် နေရာများခွဲကာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ် ရေးထိုးထားရှိသည့် သဘောတူညီမှုစာလွှာ (Letter of Agreement – LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှု ထောက်ပံ့ရေးနှင့် ဝန်ကြီးဌာန လက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် မိုင်းလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၃) ရုံးပရဝဏ်ရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လမင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး



**နေပြည်တော် ဇူလိုင် ၁၄**
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နေ့ချင်းပြီး (One Stop Service) ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID ကတ်တို့ကို ကာယကံရှင်ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးသည်။

ယင်းနောက် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက ဒေသခံပြည်သူများကို လမင်းစီမံချက်ဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူ၊ ပျက်စီး/ ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ကောက်ယူဆောင်ရွက်ထုတ်ပေးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် မြို့နယ်ရုံးမှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး



**ရန်ကုန် ဇူလိုင် ၁၄**
ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့မွန်းလွဲပိုင်းက အင်းလျားမြိုင်လမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် တက်ရောက်လက်မှတ်ရေးထိုးသည်။ **(ဝဲပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကာတာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာတာနိုင်ငံ၏ဘုရင်အဖြစ် ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၄ နှစ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့စည်းဝေး

ရန်ကုန် ဇူလိုင် ၁၄
**ကိုရီးယားနိုင်ငံအခြေစိုက် အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (AFoCO)နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားသစ်တောသိပ္ပံသုတေသနဌာန(NIFoS)တို့ ပူးပေါင်းကျင်းပသည့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC) ၌ ကျင်းပသည်။**

ဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** AFoCO အတွင်းရေးမှူးရုံးမှ Programme Officer မစ္စစူဇင်ရန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးသို့ AFoCO အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ကိုရီးယားနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ NIFoS နှင့် AFoCO အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို ဇူလိုင် ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနနှင့် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသည့် စီးပွားရေးကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၂/ ၂၀၂၆) ညှိနှိုင်းစည်းဝေး



နေပြည်တော် ဇူလိုင် ၁၄
**မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ပွင့်လင်းရာသီကာလအတွင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးနိုင်ရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဖော်ထုတ်ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ် ဇူလိုင်လမှစတင်၍ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေဖြစ်ပေါ်ခဲ့ပြီး ၂၀၂၆ ခုနှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ အပူချိန်မြင့်တက်ခြင်း၊ တောမီးလောင်ကျွမ်းမှုများ အလွယ်တကူဖြစ်ပေါ်နိုင်ခြင်း အခြေအနေများ ဖြစ်ပေါ်လာနိုင်သဖြင့် ၂၀၂၇ ပွင့်လင်းရာသီအတွက် မီးခိုးမြူငွေ့လျော့နည်းကျဆင်းရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြမည့် လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး Fire Hotspot လျော့ကျမှုအနေဖြင့် အခြေခံနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပထမခြောက်လအတွင်း Fire Hotspot ၅၀၅၁၂ ကြိမ်ဖြစ်ပေါ်ခဲ့ကာ ယခုနှစ် ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်တွင် Fire Hotspot ၄၄၉၃၁ ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၅၈၁ ကြိမ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း လျော့ချနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

(၇၉)နှစ်မြောက် အာဇာနည်နေ့အကြိုဆောင်းပါး

# အာဇာနည်ဂုဏ်ဒြပ်တို့နှင့် ပြည့်ဝလိုသော . . .

မိုးကေနိုင်

ယနေ့ခေတ်ကြီးတွင် အာဇာနည်ဟူ၍ ရှားပါးသွားပြီဟု ဆိုနိုင်ပါသလား၊ အာဇာနည်တစ်ဦးတွင် ရှိထိုက်သည့် ဂုဏ်ဒြပ်တို့နှင့် တိုင်းတာလျှင်မူ များစွာလျော့ပါးသွားပြီဟု ဆိုနိုင်ပါမည်။ အမှန်တကယ်လည်း နည်းပါးနေသည်၊ အာဇာနည်ဂုဏ်ပုဒ်များ ဖြည့်ဆည်းရန် ကွက်လပ်တို့သာ များလာနေသည်၊ လိုအပ်ချက်က များလာသည်၊ ယနေ့ခေတ်တွင် အာဇာနည်အမှတ်တံဆိပ်ကို မှန်မှန်ကန်ကန် ခတ်နှိပ်နိုင်မည့် အာဇာနည်များစွာ လိုအပ်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။

> **"ထိုစွန့်လွှတ်ရဲသူတို့ကြောင့် ယနေ့နိုင်ငံတော်ကြီး တည်တံ့နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုကွဲမသွားခြင်းဖြစ်သည်။ မြန်မာစကား၊ ဘာသာစာပေ သမိုင်း၊ ယဉ်ကျေးမှု အနုသုခုမလက်ရာများ မတိမ်ကော ပပျောက်မသွားခြင်းမှာ ထိုအာဇာနည် စိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နေသူများကိုလည်း လေးစားထိုက်သူများ၊ တန်ဖိုးထားရမည့်သူများဟု ဆိုထိုက်ပါသည်"**

### အာဇာနည်ဟူသည်

မိမိလုပ်ရပ်သည် အများအတွက်ဖြစ်ရဲ့လား၊ အတ္တထက် အများအတွက် အကျိုးဖြစ်ရဲ့လား၊ အမှားနှင့်အမှန်ကို ပိုင်းခြားနိုင်သည့် ယုံကြည်ချက်မျိုး ရှိကြရဲ့လား၊ အမှားလုပ်ရမှာ တွန့်ဆုတ်လျက်၊ အမှန်ကို ရဲရဲဝံ့ဝံ့လုပ်လျက် အမှားမလုပ်၊ အမှန်သာ လုပ်မည်ဆိုသော ခံယူချက်မျိုး ထားနိုင်ပါ့မလား။

အမှားကိုအမှားအတိုင်း၊ အမှန်ကို အမှန်အတိုင်း အယူမှန်၊ အမြင်မှန်လျက် တကယ့်အမှန်တရား လက်ကိုင်ထား၊ အများအတွက် မိမိအသက်ပဓာနမထား ပေးဆပ်မည်ဆိုသည့် ခံယူချက်၊ တကယ်လည်း အမှန်တရားဘက်မှ ရပ်တည်လျက် စွန့်စွန့်စားစား အသက်ကို ပေးဆပ်ရဲသည့်သူမျိုး၊ မိမိအသက်ကို ပေးဆပ်ခဲ့သလောက် လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက်လည်း အမှန်တကယ် ကောင်းသွားခဲ့သည်၊ အကျိုးရှိသွားခဲ့သည်၊ ငြိမ်းချမ်းခဲ့သည်၊ တိုးတက်ဖွံ့ဖြိုးသွားသည်မျိုး... ထိုသို့သော လက္ခဏာ၊ ဂုဏ်ထူးဝိသေသများနှင့်အတူ ရင်းနှီးမှုများစွာ၊ ပေးဆပ်မှုများစွာနှင့် ရယူခဲ့သည့် အကျိုးကျေးဇူးများ၊ သက်ရောက်မှုကောင်းများနှင့် ပြည့်စုံမှသာလျှင် အာဇာနည်ဟု ဆိုချင်သည်။ တစ်နည်းအားဖြင့် မြင့်မြတ်သူတို့၏နှလုံးသား၊ ထိုအလှတရားတို့နှင့် ပြည့်စုံသူကိုသာ အာဇာနည်ဟု ဆိုထိုက်သည်။

ဘာကြောင့် အာဇာနည်တစ်ဦးဖြစ်ထိုက်ဖို့ အမှန်တရားကို ထိုမျှ အမွှမ်းတင်နေရပါသလဲ၊ အယူမှန်၍ အမှားအမှန်သိသူသည် သစ္စာရှိမှုနယ်ပယ်တွင်ပါ သာလွန်သွားသောကြောင့် ဖြစ်သည်။ မည်သူ့ကို သစ္စာရှိရမည်၊ မည်သည့်အဖွဲ့ကို သစ္စာထားရမည်၊ ဘယ်အရာကို သစ္စာထိုက်သင့်သည်ကို မှန်မှန်ကန်ကန် သိသွားနိုင်သောကြောင့် ဖြစ်သည်။ ထိုမျှ သိသွားသူတစ်ဦးမှာ တွေတွေဝေဝေ ရှိနိုင်ပါဦးမလား၊ ထိုသူသည် မိမိအတွက်ထက် အများအပေါ်မှာ သစ္စာရှိရမည်ကို သိသွားပါပြီ။ နိုင်ငံနှင့်လူမျိုးအပေါ်မှာ သစ္စာရှိရမည်ကိုပါ သိသွားခဲ့ပါပြီ။ ထို့ထက်ပိုလျှင် လူသားအားလုံးအတွက်ရော၊ ကမ္ဘာကြီးအတွက်ပါ ငါဘယ်လောက်ကောင်းအောင် လုပ်ပေးနိုင်မလဲ၊ ဘာလုပ်သင့်သလဲ၊ သစ္စာတရားကို ကောင်းကောင်းသိ၍ ကောင်းကောင်းလုပ်ပေးနိုင်ဖို့ သူကိုယ်တိုင် စဉ်းစားမိပါပြီ။ တွေဝေမှုမရှိ၊ ထုံထိုင်းမှုမရှိ၍ လူမိုက်တစ်ဦးမည်သို့မှ မဖြစ်နိုင်၊ ပညာရှိတစ်ဦးပမာ ခံစားနားလည်နိုင်ပါပြီ။ ဤသည်ပင် ပညာထပ်ဆင့်၍ သစ္စာတရားမြှုပ်နှံထားသော အာဇာနည်တစ်ဦးပမာ ခံယူစံထားထိုက်ပါပြီ။

သို့ဆိုလျှင် အာဇာနည်တစ်ဦးဖြစ်ရန်အတွက်မှာ အများအတွက် သစ္စာထားပြီး ပညာရှိဆန်ကာ ပညာဗဟုသုတနှင့် ပြည့်စုံနေရမည်သာဖြစ်သည်။ ထို့အတွက် စာဖတ်များပြီး အသိပညာကြွယ်ဝသူဖြစ်နေရမည်။ ထိုသူတို့သည် စာပေများစွာကို ဖတ်နိုင်ရမည်။ အမှားနှင့်အမှန်ကို ပိုင်းခြားသိသည့် အပြင် အကြောင်းနှင့်အကျိုး၊ ထိုအကြောင်းကြောင့် ထိုအကျိုးတရားဖြစ်ရသည်ဆိုသည်ကို ကောင်းစွာ သိမြင်သွားသူဖြစ်သင့်သည်။ ပညာအပေါ်မှာ လက်တွေ့ထပ်ဆင့်အသုံးချ၍ ထိုမှတစ်ဆင့် အတွေ့အကြုံရင့်ကျက်သူဖြစ်လာမည်။ ထို့ကြောင့်လည်း အာဇာနည်ဟု ခေါ်ဆိုထိုက်သူများကို လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံပြီး ကျွမ်းကျင်လိမ္မာသူများဖြစ်သည်ဟု ဆိုနေခြင်းဖြစ်သည်။ သာမန်ထက် ပို၍ထူးကဲသော အရည်အသွေးများပင်ဖြစ်သည်။

### အခြေခံကိုယ်ရည်ကိုယ်သွေး

ထိုသို့သော အာဇာနည်ဟုဆိုထိုက်သည့် ဂုဏ်ထူးဝိသေသများ ပြည့်စုံနေသူတစ်ဦးမှာ အခြေခံအားဖြင့် မည်သို့သော ကိုယ်ရည်ကိုယ်သွေးများ ရှိနေပါသလဲ။ ဆန်းစစ်ကြည့်ရအောင်ပါ။ အခြေခံအားဖြင့် ရိုးသားဖြောင့်မတ်မှုပင်ဖြစ်သည်။ အမှားမလုပ် အမှန်သာလုပ်သည့် ကောင်းမွန်သော စာရိတ္တနှင့်အတူ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း ဥပဒေအတိုင်း လုပ်တတ်၊ ကိုင်တတ်သည့်ဖြောင့်မတ်မှုကပင် ထိုသူကို လူကောင်းတစ်ယောက် ဖြစ်သွားစေမည် ဖြစ်သည်။

ကိုယ်ကျင့်သီလကောင်းသည်ဆိုသော အရာသည် ရိုးသားမှုမှဆင်းသက်ပြီး ထိုသူအတွက် အများအမြင်တွင် ပုံရိပ်ကောင်းကို ရစေသည်။ ကောင်းတာလုပ်သည်ဆိုတော့ ကိုယ်တိုင်ပင် မပြတ်အားထုတ်ဖြစ်သည်။ မဆုတ်မနစ်ကြိုးစားရသည်။ ဤသည်ပင် ပန်းတိုင်ရောက်အောင် အားထုတ်ကြိုးပမ်းသည့် ဝီရိယဖြစ်သည်။

အောင်မြင်မှုအတွက် ခွန်အားတစ်ခု ဖြစ်လာသည်။ ပညာ၊ ဝီရိယ၊ သီလဆိုသော လက်နက်များဖြင့် မကောင်းသောအရာများကိုပယ်ပြီး ကောင်းသောအရာများကို ဖြစ်ပေါ်စေသောကြောင့် အောင်မြင်မှုကို စဉ်ဆက်မပြတ်ရရှိစေသည်။ လူ့အဖွဲ့အစည်းတစ်ခုအတွက် ဘဝတစ်သက်တာ တည်မြဲသောဖွံ့ဖြိုးမှုနှင့်အတူ ငြိမ်းချမ်းမှုကို ဖြစ်ပေါ်စေသည့် လက်နက်ကောင်းတစ်ခုပင်ဖြစ်သည်။

ထိုသို့သော ကိုယ်ရည်ကိုယ်သွေးများ၊ ဂုဏ်ထူးဝိသေသထူးများနှင့် ပြည့်စုံသောသူများကို လေးစားထိုက်သူ၊ မြတ်နိုးထိုက်သူ၊ ပူဇော်ခံထိုက်သူများ အဖြစ် ပုံဖော်နိုင်သည့် အရည်အသွေးများ မိမိတို့ထံတွင်လည်း ရှိနေဖို့လိုအပ်သည်။ တန်ဖိုးထိုက်သူကို တန်ဖိုးထားရကောင်းမှန်းသိလျှင်ပင် ထိုသူသည် လူတော်ဖြစ်နေပါပြီ။ ထိုအရည်အသွေးများ မိမိတို့ထံမှာ ပြည့်စုံနေဖို့လိုသလို အနာဂတ်မျိုးဆက်လူငယ်များအတွက်လည်း မျှဝေဖြန့်ကြက်ပေးနိုင်ရန် လိုပါသည်။ ထို့ကြောင့်လည်း ထိုအရည်အသွေးများကို ယခုလို အာဇာနည်နေ့ အခွင့်အခါကြုံခိုက် မျှဝေနေခြင်းဖြစ်သည်။ ထိုသို့သော ဝိသေသထူးမြတ်ဂုဏ်နှင့် ပြည့်စုံသူများ မြန်မာ့သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်မရှိမဟုတ် ရှိခဲ့ပါသည်။ ယနေ့ခေတ်မှာ ရှားပါးလွန်း၍ မမြင်နိုင်ခြား နိုင်ငံ့သမိုင်းတွင် အမှန်တကယ်ရှိခဲ့သည်။ မမြင်ယောင်ဆောင်၊ မသိဟန်ဆောင်ခြား ခေတ်အဆက်ဆက်ရှိခဲ့ပါသည်။

### ပါရမီနှင့် ယှဉ်၍

ဘာသာသာသနာရေးရှေ့တန်းတင်၍ သာသနာဘက်ကို ဦးစွာကြည့်ကြည့်ပါ။ မြတ်စွာဘုရားသာသနာခေတ်တွင် ဘုရားရှင်မှအစ လောဘ၊ ဒေါသ၊ မောဟ ကိလေသာကို စွန့်ခွာသည့် သာသနာ့အာဇာနည်ဟူ၍ အမြောက်အမြား ရှိခဲ့သလို ယနေ့ခေတ်တွင်လည်း သာသနာအတွက် အများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ၊ အများအတွက် ဖြည့်ကျင့်သည့် သာသနာ့အာဇာနည်များ ပေါ်ထွက်ဆဲပါ။ ပါရမီရှိသူဟူ၍ တင်စားလောက်သည့် သာသနာဘောင်အတွင်း ရဟန်းသံဃာတော်များမက လူပုဂ္ဂိုလ်အများပင်ရှိပါသည်။

လောဘဟူ၍ နည်းလွန်းစွာဖြင့် အယုတ်အလတ်အမြတ်မရွေး ပေးကမ်းစွန့်ကြဲလှူဒါန်းနေသူများ၊ အတတ်နိုင်ဆုံး သီလစောင့်ထိန်းသူများ၊ ပညာဉာဏ်ရင့်သန်အောင် ကြိုးပမ်းနေသူများ၊ အမှန်တရားအတွက် ဝီရိယကြီးသူများ၊ သည်းခံခွင့်လွှတ် ခန္တီတရားကြီးသူများ၊ ကိုယ့်အတွက်ထက် သူတစ်ပါးအကျိုး ပို၍အလေးထား မေတ္တာကြီးသူများ၊ ချစ်ခြင်းမုန်းခြင်းကင်း အဂတိကင်းအောင် ကြိုးစားနေသူများ၊ ထိုထိုအရာများအားလုံးအတွက် မိမိခန္ဓာကိုယ်အစိတ်အပိုင်းကိုပင် စွန့်လွှတ်ခဲ့သူများ၊ ခန္ဓာကိုယ်ပင်မက မိမိအသက်ကိုပါ ပေးလှူထားသူများ၊ ပေးလှူခဲ့သူများ၊ ထိုထိုပါရမီရှိသူအားလုံးကို အာဇာနည်ပုဂ္ဂိုလ်များဟူ၍ စံပြုလိုက်ကြပါစို့လား။

### သင်ခန်းစာများစွာဖြင့်

အာဇာနည်ဆိုသော ဂုဏ်ပုဒ်ကို တိုင်းတာသည့် ပေတံတစ်ခုနှင့် တိုင်းတာမည်ဆိုလျှင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဟူသော ရလဒ်ကောင်းတစ်ခုကို အသက်ပေး၍ ရယူခဲ့သည့် သခင်အောင်ဆန်းနှင့် တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ဘယ်သောအခါမှ မမေ့သင့်ပါ။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့် ဇူလိုင်လ ၁၉ ရက်နေ့ကို အစွဲပြု၍လည်း တစ်မျိုးသားလုံးအတွက် အာဇာနည်နေ့တစ်ရက်ကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုခေတ် ထိုအခါက အင်္ဂလိပ်ကိုလိုနီအောက် နှစ်ပေါင်း ၁၀၀ ကျော် နေခဲ့ရပြီး နယ်ချဲ့မှန်သမျှ မုန်းတီးရွံ့ရှာသည့် မြန်မာတို့အတွက် လွတ်လပ်ရေးကို အရယူရန်သည် တစ်မျိုးသားလုံးအတွက် အမှန်တရားဖြစ်ခဲ့ပါသည်။ လွတ်လပ်ရေးအတွက် ပေးဆပ်ခဲ့ရသည့် အသက်သွေးချွေးများ မနည်းခဲ့ပါ။ တစ်ရက်၊ တစ်လ၊ တစ်နှစ်တည်း ကြိုးစားရုံဖြင့် အရယူနိုင်ခဲ့ခြင်းလည်း မဟုတ်ပါ။ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သည်နှင့် တစ်ပြိုင်နက် တိုင်းရင်းသားပေါင်းစုံ၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားလူထုလူတန်းစားပေါင်းစုံက ရရာလက်နက်စွဲကိုင်၍ အနုအကြမ်း၊ အတွင်းအပြင်နည်းလမ်းစုံဖြင့် နှစ်ပေါင်းဆယ်ချီ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ လွတ်လပ်ရေးအတွက် အဓိကရည်သန်၍ တိုင်းရင်းသားများ စုစည်းညီညွတ်မှုကို ရယူတည်ဆောက်ကာ စည်းလုံးမှုအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖော်ဆောင်ပြီး ဝီရိယထားမပြတ်ကြိုးစားအားထုတ်မှု၏ ရလဒ်၊ အကြောင်းကောင်း၍ အကျိုးကောင်းခဲ့သည်ဆိုသော သင်ခန်းစာများစွာကို ရယူနိုင်မည်ဟု ယူဆပါသည်။

ထို့အတူ ဗိုလ်ချုပ်တို့ ရယူပေးခဲ့သည့် လွတ်လပ်ရေးနှင့်အတူ ဖြစ်တည်လာသည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တစ်စုတစ်စည်းရှိရမည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ထိုအရေးသုံးပါးတို့သည် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားများဖြစ်၍ နိုင်ငံအတွက် အလွန်အရေးကြီးသော အမှန်တရားများလည်း ဖြစ်ပါသည်။ အရေးကြီးသည့် ထိုအရေးသုံးပါးကို ယနေ့ထိတိုင် အသက်ခန္ဓာပေးလှူ စွန့်လွှတ်နေသူများသည်လည်း ယနေ့ခေတ်၏ အာဇာနည်များပင် ဖြစ်ပါသည်။

ထိုစွန့်လွှတ်ရဲသူတို့ကြောင့် ယနေ့နိုင်ငံတော်ကြီး တည်တံ့နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုကွဲမသွားခြင်းဖြစ်သည်။ မြန်မာစကား၊ ဘာသာစာပေသမိုင်း၊ ယဉ်ကျေးမှု အနုသုခုမလက်ရာများ မတိမ်ကော ပပျောက်မသွားခြင်းမှာ ထိုအာဇာနည် စိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နေသူများကိုလည်း လေးစားထိုက်သူများ၊ တန်ဖိုးထားရမည့်သူများဟု ဆိုထိုက်ပါသည်။

ယခုအချိန်မှာ ဖော်ပြပါ အမျိုးသားအကျိုးစီးပွားများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေခြင်းနှင့်အတူ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးနေသည်ဖြစ်၍ ယခုမျိုးဆက်တင်မက နောင်မျိုးဆက် အဆက်ဆက်အတွက်ပါ စဉ်းစားပြီး ဆောင်ရွက်နေပြီလည်း ဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ဝေဖန်သုံးသပ်ဆင်ခြင်ဉာဏ်အားဖြင့် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုကို အရယူနိုင်ရန် ပညာရေးကို အားပေးမြှင့်တင်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးစားဆောင်ရွက်နေပါပြီ။ ရလဒ်ကောင်းများရဖို့ အကြောင်းတရားကောင်းများ အခြေတည်နိုင်မည့် အခွင့်အလမ်းကောင်းများလည်း ရှိနေပါပြီ။ မလွှတ်တမ်း ဆုပ်ကိုင်နိုင်မည့် အာဇာနည်များ ထွက်ပေါ်လာရန်သာ ဖြစ်သည်။

သို့သော် ပို၍အရေးကြီးသည်မှာ အထက်ဖော်ပြခဲ့သော အာဇာနည်စိတ်ဓာတ်၊ အာဇာနည်ခွန်အားများ၏ ဆန့်ကျင်ဘက်၊ လူ့အဖွဲ့အစည်းကို ပြိုကွဲစေသော အတ္တ၊ မာန်မာန၊ အဂတိတရားများ မလွှမ်းကဲရန်ပင်ဖြစ်သည်။ ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းဆဲလမ်းရှင်းထားသည့် အချိုးအကွေ့တစ်ခုမှာ ကျယ်ပြန့်သောအတွေးများဖြင့် ထိုအချက်သည် အလွန်အရေးကြီးသည်ဟု ယူဆပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈/၂၀၂၆)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များ၊ စွပ်စွဲချက်များကို စိစစ်သုံးသပ်ကာ လိုအပ်သလို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့ပြင် တိုင်တန်းချက်၊ စွပ်စွဲချက်များအရဖြစ်စေ သတင်းအချက်အလက်များအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရပါက အဆိုပါနေရာသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ အရလည်းကောင်း၊ ကော်မရှင်လုပ်ထုံးလုပ်နည်းအပိုဒ် ၄၁၊ ၄၂၊ ၄၃ အရလည်းကောင်း အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် အစိုးရသို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ငန်းစီမံချက် လျာထားရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉၅ မှု (မီဒီယာသတင်းအပါအဝင်)အပေါ် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၂၁) ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားစာ ၆၄ မှုကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခြင်း၊ တိုင်ကြားစာ ၃၃ မှုကို တိုင်ကြားသူထံ အကြံပြုပြန်ကြားခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားစာ ၁၉၆ မှုကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်းကြောင့်လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်ခြင်းကြောင့်လည်းကောင်း စနစ်တကျ မှတ်တမ်းထားရှိကာ ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၂ မှုတို့ ပါဝင်ပါသည်။

၃။ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တိုင်ကြားစာ ၆၄ စောင် ပေးပို့ခဲ့ရာ ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအနေဖြင့် အပြုသဘောဆောင်သည့် ပြန်ကြားချက် (၃၈) စောင်အား လက်ခံရရှိခဲ့ရာ ရလဒ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြောင်းပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ ရုံးခွဲများဖြစ်သော နေပြည်တော်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ စစ်တွေ(ရုံးခွဲ)နှင့် ပုသိမ်(ရုံးခွဲ)များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ဗဟိုအကျဉ်းထောင် ၂ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၄ ခု၊ ရဲစခန်းအချုပ်ခန်း ၇ ခု၊ တရားရုံးအချုပ်ခန်း ၂ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၃ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇၇) ချက်၊ ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၄၄) ချက်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇) ချက် ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအား စစ်ဆေးစဉ်အတွင်း တစ်ဦးချင်းလွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၉၈) ဦးတို့ကို သီးခြားတွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ** တိုင်ကြားစာများ ပေးပို့နိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လစဉ်ကြေညာခြင်း၊ ကော်မရှင် website တွင်လည်း ဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၆။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၇။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေးကော်မရှင်သို့ တိုင်တန်းစာများ ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနေမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ် ပညာသင်ကြားနေမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဖလမ်းမြို့ အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား မျက်စိစမ်းသပ်ခြင်း၊ သွားနှင့်ခံတွင်း စမ်းသပ်ခြင်း၊ တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးခြင်း ဆောင်ရွက်ပေးနေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဖလမ်းမြို့ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ကြေးများ ပေးအပ်သည်။


ဖလမ်းမြို့နယ်၌ အခြေခံပညာကျောင်း ၁၁၃ ကျောင်း ဖွင့်လှစ်နိုင်ပြီး သင်ကြားရေးဆရာ ဆရာမ ၂၈၄ ဦးဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၃၄၄၀ ကိုပညာသင်ကြားပေးလျက်ရှိကာ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များ၌ အခြေခံပညာကျောင်းပေါင်း ၂၈၂ ကျောင်း ဖွင့်လှစ်ပြီး သင်ကြားရေးဆရာ ဆရာမ ၁၂၄၇ ဦးဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၂၀၃၁၄ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

ယနေ့နံနက်မှ ၂၀-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ကမ်းခြေတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## သွေးနှင့် ရေးသည့် လွတ်လပ်ရေး မျိုးဆက်သစ်များ ကာကွယ်ပေး

❖ ဇူလိုင် ၁၉ ရက်၊ နံနက်စောစော
မိုးရောလေပါ၊ စွေရွာဖွဲဖွဲ
ရှိနေဆဲတွင်၊ ပုံပြင်မဟုတ်
သရုပ်သကန်၊ အဖြစ်မှန်နဲ့
မြည်သံမစဲ၊ ကျည်ဆန်ဝဲ၍
သေပွဲဝင်ရှာ၊ ဗိုလ်အာဇာနည်
ဗိုလ်တိုင်းပြည်အတွက်၊ အသက်စွန့်ကာ
ရင်နာစရာကောင်း၊ သည်ဇာတ်ကြောင်းကို
ပြန်ပြောင်းသတိရမိသည်။
❖ တိုင်းပြည်အရေး၊ ဦးစားပေး၍
စုဝေးဆုံးဖြတ်၊ မှတ်တမ်းတစ်ခု
ပြုစုနေချိန်၊ ဇီဝိန်ချုပ်ရ
မြန်မာ့ဇာနည်၊ ပေါင်းစစ်သည်တို့
ရော်ရည်မျှော်မှန်း၊ လွတ်လပ်ပန်းကို
ဆင်မြန်းရအောင်၊ ခေါင်းဆောင်ကြီးပမ်း
ဗိုလ်အောင်ဆန်းကို၊ ငါတို့မမေ့
ယနေ့ထိတိုင်၊ စွဲကိုင်နှလုံး
ကြိမ်မီးအုံးသို့၊ အပူလုံးကြွ
ရှိခဲ့ကြသည် လုံးဝမမေ့ ထိုတစ်နေ့။
❖ သက်ပေးရယူ၊ မြန်ပြည်သူအတွက်
မပူအေးချမ်း၊ ငြိမ်းချမ်းပန်းကို
ဆင်မြန်းရအောင်၊ ကြံဆောင်ခဲ့ကြ
သာဓကကို၊ လုံးဝပျောက်ကွယ်
မသွားဖွယ်အရေး၊ အစဉ်တွေးယူ
ခေတ်သစ်လူငယ်၊ ပခုံးဝယ်ထမ်း
စဉ်ကြိုးပမ်းကြ၊ လုံ့လမလျှော့ဖွဲ့ရှိလော့။
❖ ဩော်
အချိန်တွက်စစ် (၇၉)နှစ်
ကြာခဲ့ဖြစ်လဲ၊ စဉ်ပဲမမေ့
လက်တွေ့တာဝန်၊ ဒို့ကျေပွန်စွာ
ထမ်းဆောင်ပါမှ၊ ကမ္ဘာ့အလယ်
ဝင့်ထည်တည်ကြည်၊ ရှိမည်အကြောင်း
ထပ်လောင်းသတိ၊ ပေးအပ်ဘိသည်
အမိမြေလွှာ ရှည်အကြာ တည်ပါစေသတည်း။ ။

[(၇၉)နှစ်မြောက် အာဇာနည်နေ့အမှတ်တရ]

ဘိုမျိုး(ရွှေဘို)



## သယံဇာတဖွံ့ဖြိုးရေးနှင့် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး သယံဇာတဖွံ့ဖြိုးရေးနှင့် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက သယံဇာတဖွံ့ဖြိုးရေးနှင့် တရားမဝင် လုပ်ငန်းများ လျော့နည်းပပျောက်စေရေးဆိုင်ရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ဇလွန်မြို့နယ် အညာစုကျေးရွာ၌ အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း(အဆင့်-၂)အတွက် ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စင်တာ (IPRCC) တို့ ပူးပေါင်းဆောင်ရွက်မည့် "အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂)" East-Asia Poverty Reduction Cooperation Project in Myanmar (Phase-II) အတွက် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စင်တာ (IPRCC) မှ ညွှန်ကြားရေးမှူး Mr. Tong Lang နှင့်အဖွဲ့သည် မြန်မာနိုင်ငံတွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကနဦးလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကနဦးလေ့လာဆန်းစစ်ခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို အသေးစိတ် ဆွေးနွေးညှိနှိုင်းသည်။

ဇူလိုင် ၁၃ ရက်တွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားသည့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အညာစုကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများအတွက် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးပြီး မြေပြင်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကွင်းဆင်းတွေ့ရှိချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်အတွင်းရှိ စီမံကိန်းဆောင်ရွက်ရန်လျာထားသည့် ကျေးရွာများတွင် ကနဦးလေ့လာဆန်းစစ်မှုများဆောင်ရွက်ခြင်း၊ ခရီးစဉ်တစ်လျှောက် တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## တရားမဝင်ခါတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများ ပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများအား အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးဖော်ထုတ်ခဲ့ရာ ရက် ၁၀၀ စီမံချက်ကာလအတွင်း စုစုပေါင်း တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုအရေအတွက် ၃၄၀ မှ ယူနစ်စုစုပေါင်း ၇ ဒသမ ၇ သန်းကျော် အလွဲသုံးစားပြုလုပ်ခဲ့မှုများကို စိစစ်တွေ့ရှိခဲ့ပြီး နိုင်ငံတော်မှ နစ်နာဆုံးရှုံးခဲ့မှုအတွက် လျော်ကြေးနှင့် ဒဏ်ကြေးငွေကျပ် ၆၇၄၅ သန်းကျော် ပြန်လည်ကောက်ခံရရှိခဲ့သည်။

ယင်းပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် မီတာပိုင်ရှင်များနှင့် လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပါဝင်ပတ်သက်သည့် တာဝန်ရှိဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ် တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေး တိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုများ ပပျောက်သွားစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇူလိုင် ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"လက်နက်မဲ့ပြည်သူများကို ရက်စက်စွာ ရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေး အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် **"သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၄-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၄၈၆,၈၁၀.၃၄ | ၁,၅၈၉,၆၈၇.၂၀ | ၈၉,၅၂၅,၆၉၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ ကြက်ပေါက်နှင့်အစာ၊ ဓာတ်မြေဩဇာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁၂၈၇.၀၀ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

❒ *ကျော့ဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ လေးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

၃ ဒသမ ၅၁ ဘီလီယံ)နှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုသည့် SHAYAN အမျိုးအစား ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်သည့် ရမည်းသင်းမြို့ သီလဝ (၃) ရပ်ကွက်နေ မောင်သိန်း(ခ)ချစ်တီး(၄၅)နှစ်အား ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်၌လည်းကောင်း၊ ဇင်မျိုးအောင်(ခ)ဖိုးလ(၂၇)နှစ်အား ရမည်းသင်းမြို့နယ်၊ သဲချောင်း ကျေးရွာရှိနေအိမ်၌ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် NISSAN TERRANO အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ရမည်းသင်းမြို့နယ်၊ သဲချောင်းရွာနေ ဇင်ထက်အောင်(၃၅)နှစ်နှင့် စိုင်းထက်သွေး(၂၁)နှစ်တို့ နှစ်ဦးကို ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၃၅ သိန်း) နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချစ်မိုးဆန်း၊ မောင်သိန်း(ခ)ချစ်တီးနှင့် ဇင်မျိုးအောင်(ခ)ဖိုးလ တို့ကိုလည်းကောင်း၊ ဇင်ထက်အောင်နှင့် စိုင်းထက်သွေးတို့ကို လည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**




▼ *ကျော့ဖုံးမှ*

မန်ယူအသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က ဆန်းတိုစ်၏ ပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး ချယ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိခဲ့သည်။ အသက် ၂၂ နှစ် အရွယ် အဆိုပါကစားသမားသည် ဆေးစစ်မှုအောင်မြင်ပြီးနောက် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်အပါအဝင် မန်ယူအသင်းနှင့် ၂၀၃၁ ခုနှစ် ဇွန်လအထိရှိမည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဆန်းတိုစ်သည် ချယ်ဆီးအသင်းကို ၂၀၂၅ ခုနှစ် ကလပ်ကမ္ဘာ့ဖလားဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ချယ်ဆီးအသင်းအတွက် ၄၃ ပွဲ ပါဝင်ကစားပေးထားသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရွေးချယ်ခံခဲ့ရခြင်း မရှိသော ဆန်းတိုစ်သည် ယခုအခါ မန်ယူအသင်းနှင့်အတူ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။ **အောင်ဇော်**

## မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

### ရုံးဖယ်ရီအချို့အား အထူးအစီအစဉ်ဖြင့် သက်တမ်းမပြည့်မီ လဲလှယ်ပေးစေလို

**သို့**

**အယ်ဒီတာခင်ဗျာ**

ကျွန်တော်သည် နေပြည်တော်နေ ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်နေ့စဉ်ရုံးသို့လာရောက်ရာတွင် အချို့သောကြိုပို့ဖယ်ရီကားများမှာ ဥပဓိရုပ်မကောင်းခြင်း၊ သံချေးများ တက်နေခြင်း၊ မီးခိုးများ အူထွက်နေခြင်း၊ Balance မမျှဘဲ တစ်ဖက် စောင်းနေခြင်း၊ တာယာဘီးများ အလွန်အမင်း ပါးနေခြင်းတို့ကို မြင်တွေ့ရပါသည်။ တစ်ခါတစ်ရံ လမ်းဘေးတွင် ကားပျက်၍ အခြားကားတစ်စီး လာကြိုမည်ကို စိတ်ပျက်လက်ပျက် ရပ်တန့်စောင့်ဆိုင်းနေရသည့် ဝန်ထမ်းများကိုလည်း မြင်တွေ့ရတတ်ပါသည်။ ရန်ကုန်နှင့် မန္တလေးတို့တွင်လည်း အလားတူ ဖယ်ရီကားများ တွေ့မြင်ခဲ့ရဖူးပါသည်။ သို့ဖြစ်ပါ၍ စုတ်ချာနေသော ဌာနဆိုင်ရာ ဖယ်ရီယာဉ်များကို သက်တမ်းမပြည့်မီကပင် အထူးအစီအစဉ်ဖြင့် လဲလှယ်ပေးခြင်း၊ အထူးပြင်ဆင်ခွင့်ပေးခြင်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း အယ်ဒီတာထံပေးစာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ **မောင်ဇော်၊ နေပြည်တော်**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။


✻ *ကျော့ဖုံးမှ*

ဦးစီးစစ်ဆေးရေးအဖွဲ့များက စက်မှုလုပ်ငန်းများ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများ၊ ပုဂ္ဂလိကဆေးရုံများနှင့် စာသင်ကျောင်းများရှိ လျှပ်စစ်မီတာ စုစုပေါင်း ၁၀၁၈ လုံးကို စစ်ဆေးခဲ့ရာ အဆိုပါရေခဲစက်လုပ်ငန်း၏ စီတီမီတာတွင် ချွတ်ယွင်းချက်နှင့် Seal များ ပျက်ယွင်းနေသည်ကို တွေ့ရှိခဲ့သည်။

ဆက်လက်စစ်ဆေးရာ မီတာအတွင်း C Phase CT ကို Bypass ပြုလုပ်၍ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် မီတာကို ဖြုတ်သိမ်းကာ ဓာတ်အားဖြတ်တောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် လျှပ်စစ်ဓာတ်အား ယူနစ် ၃၆၂၇၄၀ ဆုံးရှုံးခဲ့ရပြီး နစ်နာကြေးနှင့် ဓာတ်အားခအဖြစ် ငွေကျပ် ၁၈၁ ဒသမ ၃၇ သန်း ပေးဆောင်စေရန် ဆောင်ရွက်ထားသည့်အပြင် လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တရားမဝင်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများကို နိုင်ငံတစ်ဝန်း ဆက်လက်စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တွေ့ရှိပါက သတင်းပေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။ **မြန်မာ့အလင်း**




HHU စက်နှင့် Clamp Meter တို့ဖြင့် နှိုင်းယှဉ်၍ တိုင်းတာစစ်ဆေးရာတွင် C Phase မှာ (Ampere) ခြားနားမှု ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိမှုမှတ်တမ်းဓာတ်ပုံ။

# AI ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ထိခိုက်နိုင်ဟု နိုဘယ်ဆုရှင်များနှင့် သုတေသီများ သတိပေး

**စတန်းဖို့ဒ် ဇူလိုင် ၁၄**

နိုဘယ်ဆုရှင်များ၊ သုတေသီများနှင့် ကုမ္ပဏီအကြီးအကဲများပါဝင်သည့်အဖွဲ့တစ်ဖွဲ့က ဉာဏ်ရည်တု (AI) နည်းပညာသည် အလုပ်အကိုင်များအပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း သတိပေးထားသည်။ အဆိုပါအဖွဲ့က မူဝါဒချမှတ်သူများနှင့် နည်းပညာခေါင်းဆောင်များအနေဖြင့် ယခင်က မကြုံဖူးသည့် စီးပွားရေးအပြောင်းအလဲများကို ရင်ဆိုင်နိုင်ရေးအတွက် လိုအပ်သည့် အစီအမံများကို အမြန်ဆုံးဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ဇူလိုင် ၁၃ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကို လူပေါင်း ၂၀၀ ကျော်က လက်မှတ်ရေးထိုးခဲ့ပြီး ယင်းတို့အနက် စီးပွားရေးနိုဘယ်ဆုရှင် ၁၆ ဦးနှင့် AI သုတေသီများလည်း ပါဝင်သည်။ ကြေညာချက်တွင် လာမည့် ၁၀ နှစ်အတွင်း AI နည်းပညာသည် ယခင်ထက် ပိုမိုအစွမ်းထက်လာနိုင်ကြောင်း၊ ထိုသို့ဖြစ်လာပါက စက်မှုတော်လှန်ရေးထက်ပင် ပိုမိုကြီးမားသည့် စီးပွားရေးအပြောင်းအလဲများကို အချိန်တိုအတွင်း ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ပြထားသည်။

AI သည် လူတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သော်လည်း တစ်ဖက်တွင် အလုပ်အကိုင်များကို အစားထိုးခြင်းနှင့် လူအများအပြား အလုပ်လက်မဲ့ဖြစ်စေခြင်းတို့ ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**






## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေဘေးဒဏ်သင့်ခရိုင်များတွင် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု မပြတ်တောက်စေရေး အရှိန်မြှင့်လုပ်ဆောင်

**ဒါကာ ဇူလိုင် ၁၄**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရေဘေးဒဏ်သင့် ခရိုင် ၁၁ ခုတွင် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ မပြတ်တောက်စေရေး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးတစ်ဦးက ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီး ဆာဒါမက် ဆာခါဝပ်ဟူစိန်က ဆေးဝါးများ၊ ဆလိုင်းများနှင့် မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာ အသင့်ရှိကြောင်း၊ လိုအပ်ပါက ဗဟိုအဆင့်မှ ဆေးဘက်ဆိုင်ရာအဖွဲ့များကို ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း ဒါကာမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် ရေကြီးမှုနှင့်ဆက်နွှယ်၍ သေဆုံးသူ သုံးဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ယခုရေကြီးမှုကြောင့် သေဆုံးသူစုစုပေါင်း ၅၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ**

## ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် စပိန်တို့ ဂျီဘရော်တာ သဘောတူညီချက် လက်မှတ်ရေးထိုး

**ဘရပ်ဆဲလ် ဇူလိုင် ၁၄**

ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် စပိန်နိုင်ငံတို့သည် ဇူလိုင် ၁၄ ရက်က ဘရပ်ဆဲလ်မြို့၌ ဂျီဘရော်တာကျွန်းဆွယ်၏ အနာဂတ်အဆင့်အတန်းနှင့် ပတ်သက်သည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ဂျီဘရော်တာနယ်မြေနှင့် စပိန်နိုင်ငံအကြား ပုံမှန်နယ်စပ်စစ်ဆေးမှုများကို ဖယ်ရှားသွားမည်ဖြစ်သည်။

ထို့ပြင် ရှန်ဂန်ဇုန်စည်းမျဉ်းများနှင့် အကောက်ခွန်ဆိုင်ရာအစီအစဉ်များကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းအားဖြင့် ဂျီဘရော်တာနယ်မြေသည် ဥရောပသမဂ္ဂနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးရရှိလာမည်ဖြစ်သည်။

ရှန်ဂန်စည်းမျဉ်းဆိုသည်မှာ ဥရောပနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် စစ်ဆေးမှုများကို ဖယ်ရှားကာ နိုင်ငံကူးလက်မှတ်စစ်ဆေးမှုမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုသည့် သဘောတူညီချက်ဖြစ်သည်။

**ဆင်ဟွာ**

## အာဖဂန်တွင် အမျိုးသမီး ၁၀ သန်းကျော် လူသားချင်းစာနာမှုအကူအညီ လိုအပ်နေ

**ကဘူးလ် ဇူလိုင် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်နေသည့် အမျိုးသမီး ၁၀ ဒသမ ၇ သန်းကျော်ရှိကြောင်း အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပြောသည်။

နိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူသားချင်းစာနာမှု အကျပ်အတည်းဒဏ်ကို အမျိုးသမီးများက အဆိုးရွားဆုံး ခံစားနေရပြီး ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် အခြားမရှိမဖြစ် အခြေခံလိုအပ်ချက်များ ပိုမိုမြင့်တက်လာကြောင်း ကုလသမဂ္ဂ၏ ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်း Tolo News သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ဖော်ပြထားသည်။

အမျိုးသမီး ကျန်းမာရေးဝန်ထမ်းရှားပါးမှု၊ ရန်ပုံငွေ လျော့နည်းလာမှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်မှုတို့ကြောင့် နိုင်ငံ၏ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု စနစ်မှာ ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည်။

**ဆင်ဟွာ**

## အပူလှိုင်းကြောင့် ပြင်သစ်ရှိ နျူကလီးယားဓာတ်ပေါင်းဖို သုံးခု လည်ပတ်မှုရပ်နား

**ပါရီ ဇူလိုင် ၁၄**

လက်ရှိဖြစ်ပေါ်နေသော အပူလှိုင်း၏ သက်ရောက်မှုကြောင့် ပြင်သစ်နိုင်ငံရှိ နျူကလီးယားဓာတ်ပေါင်းဖို သုံးခုမှာ လုပ်ငန်းလည်ပတ်မှုရပ်နားထားရပြီး အခြားဓာတ်ပေါင်းဖိုရှစ်ခုမှာလည်း စွမ်းဆောင်ရည်လျှော့ချလည်ပတ်နေရကြောင်း ဇူလိုင် ၁၃ ရက်က ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဓာတ်ပေါင်းဖိုများ လည်ပတ်မှုရပ်နားရခြင်းမှာ ရာသီဥတုအခြေအနေကြောင့်ဖြစ်ပြီး အပူထုတ်လွှတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား လုပ်ငန်းကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကား၍ ပြင်သစ်နေ့စဉ်သတင်းစာ Le Parisien က ဖော်ပြထားသည်။



ပြင်သစ်အမျိုးသားမိုးလေဝသဌာနက ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ စတင်၍ ခရိုင် ၃၇ ခုတွင် အမြင့်ဆုံးအနီရောင်အဆင့် အပူချိန်သတိပေးချက်ကို ထုတ်ပြန်ထားပြီး ယင်းဒေသများတွင် အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်စ်မှ ၄၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်နိုင်ကြောင်း သတိပေးထားသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှား-ဖင်လန် ဆိုက်ဘာလုံခြုံရေးနှင့် ဒေတာကာကွယ်ရေး ပူးပေါင်းရန် ကြိုးပမ်း

**ဂျကာတာ ဇူလိုင် ၁၄**

အင်ဒိုနီးရှားနိုင်ငံသည် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာစေရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖင်လန်နိုင်ငံနှင့် ဆိုက်ဘာလုံခြုံရေးနှင့် ဒေတာကာကွယ်ရေး ကဏ္ဍများတွင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း အင်ဒိုနီးရှား ကာကွယ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ယင်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့် ပတ်သက်၍ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဆက်ဖရီဆမ်ဆူဒင်နှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး ပက်ကာ ကိုင်ဟီလာဟ်တီတို့သည် ဂျကာတာမြို့ရှိ ကာကွယ်ရေး ဝန်ကြီးဌာနရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ ဆွေးနွေးမှုတွင် ဒေတာစိုးမိုးရေးနှင့် ဒေတာကာကွယ်ရေး၊ C4ISR နည်းပညာ၊ ဂြိုဟ်တုဆက်သွယ်ရေး၊ ပင်လယ်ရေပြင်စောင့်ကြည့်ရေး၊ စောင့်ကြည့်ရေးစနစ်များ၊ ဆိုက်ဘာလုံခြုံရေးနှင့် ရေတပ်ကာကွယ်ရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း ဆက်ဖရီ ဆမ်ဆူဒင်က ၎င်း၏ တရားဝင် အင်စတာဂရမ် စာမျက်နှာတွင် ဖော်ပြထားသည်။

ဖင်လန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ စွမ်းရည်များကြောင့် ဆိုက်ဘာလုံခြုံရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် သင့်လျော်သည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဆက်ဖရီ ဆမ်ဆူဒင်က ပြောကြားသည်။

**ဆင်ဟွာ**

## ဘန်ကောက်ရှိ ဂီတဖျော်ဖြေရေးဘား မီးလောင်မှု သေဆုံးသူ ၃၀ အထိရှိလာ

**ဘန်ကောက် ဇူလိုင် ၁၄**

ဇူလိုင် ၁၂ ရက် ညသန်းခေါင်မတိုင်မီ ဘန်ကောက်မြို့ရှိ ဂီတဖျော်ဖြေရေးဘားတစ်ခုတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၃၀ အထိ မြင့်တက်လာခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး လူသေဆုံးမှုများပြားစေခဲ့သည့် ပေါ့ဆမှုများ ရှိ၊ မရှိကိုလည်း စစ်ဆေးလျက်ရှိသည်။



သေဆုံးသူအများစုမှာ တစ်ထပ်အဆောက်အအုံတစ်ခုလုံးကို လျင်မြန်စွာဖုံးလွှမ်းသွားသည့် မီးခိုးများမှ လွတ်မြောက်ရန် ကြိုးပမ်းစဉ် အသက်ဆုံးရှုံးခဲ့ကြခြင်းဖြစ်သည်။ မီးလောင်မှုမှာ အလွန်လျင်မြန်စွာ ပျံ့နှံ့ခဲ့သဖြင့် အသက်ရှင်လွတ်မြောက်ရန် အခွင့်အရေးနည်းပါးခဲ့ပြီး အရေးပေါ်ထွက်ပေါက်ကိုလည်း ရှာဖွေမတွေ့ရှိခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးက ပြောကြားသည်။

အာဏာပိုင်များက အလားတူ ဂီတဖျော်ဖြေရေးဆိုင်များ၊ ဘားများနှင့် လုပ်ငန်းများတွင် လုံခြုံရေးအစီအမံများ လုံလောက်မှု ရှိ၊ မရှိ စစ်ဆေးရန် တင်းကျပ်သော စစ်ဆေးမှုများပြုလုပ်သွားရန် ညွှန်ကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၄

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျှော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အား သုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) - ၀၆၇-၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) -၁၆၁၆ ၀၂-၆၀၃၉၃၃၀၊ ၀၂-၆၀၇၃၆၆၆၊ ၀၂-၆၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇၊ ၀၉၆၈၂၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပုသိမ်မြို့၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ် ကျင်းပ

ပုသိမ် ဇူလိုင် ၁၄

အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်ကျေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ်ကို ယမန်နေ့က ပုသိမ်မြို့ ရေဂျေးလ်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အကြောင်းအရာများ၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ သိကောင်းစရာများ၊ တင်ဒါလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောင်မြင်သည့် လုပ်ငန်းများအတွက် အခွန်ကျသင့်မှုများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများအား အသိပညာပေး ရှင်းလင်း ဆွေးနွေးကာ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)

## မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက် မြလေးလမ်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်လှစ်နေမှုကို သယံဇာတနှင့်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုးဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး သင်တန်းသူများအတွက် တိုင်းရင်းဆေးဘူးများပေးအပ်ကာ နေ့လယ်စာထမင်းဘူးများ၊ ရေသန့်များ၊ လက်ဖက်ရည်နှင့်မုန့်များပေးဝေခဲ့သည်။ **ခင်ဆွေနှင်း(မြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများ ပေးအပ်

နေပြည်တော် ဇူလိုင် ၁၄

ခရမ်းကိုင်းကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်၌ ယမန်နေ့ နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ပေးအပ်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် ဦးအောင်ဇေယျတို့က တက်ရောက် အမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး



ဦးကျော်ကျော်ထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မိုးစပါး စိုက်ကေမျာအတွက် တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့ပြီး တက်ရောက်လာသော တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ခရမ်းကိုင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၃) တောင်သူ ဒေါ်သင်းသင်းနိုင်၏ လယ်မြေသုံးဧကတွင် နွေစပါးသက်တမ်းတို ဆင်းသုခမျိုးစိုက်ပျိုးမှု စံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် ၁၁၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ဇူလိုင် ၁၃ ရက်က အဆိုပါကျောင်း၌ ကျင်းပစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)



## ဖယ်ခုံမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ဖယ်ခုံ ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး (တာဝန်ခံ) ဦးအောင်မျိုးချစ်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးရာဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိက အခြေခံသိသင့်သိထိုက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(မြန်/ဆက်)

တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ခရိုင်စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ဇူလိုင် ၁၀ ရက်က စားအုန်းဆီရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏအတိုင်း မှန်ကန်စွာ ရောင်းချ မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးစဉ်။ ဇော်ကိုကို (တောင်ငူ)



**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# လေးဝတီ ကုလားတန် အမြန်အေးချမ်း မိုးဆန်းပန်းသို့ ...

မောင်မန်းညို(မဟာဝိဇ္ဇာ)

**မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများသည် သဘာဝအရင်းအမြစ်၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များနှင့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းများ ဆုံစည်းရာ အချက်အချာမြေဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းနေ ဒေသခံပြည်သူတို့၏ အသက်သွေးကြောဖြစ်သည့် ကုလားတန်မြစ်သည် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင် မရှိမဖြစ် အားထားရသည့် မိခင်မြစ်ကြီး ဖြစ်ပါသည်။**

**“လေးဝတီ”** ဆိုသည်မှာ ရခိုင်ဒေသတစ်ခုလုံးကို ကိုယ်စားပြုသော သာယာလှပသည့် အလင်္ကာထပ် ဝေါဟာရတစ်ခုဖြစ်ပြီး ရှေးဟောင်းရခိုင်ဒေသ မြို့တော်လေးခုဖြစ်သော ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီနှင့် ဒွါရာဝတီတို့ကို ပေါင်းစပ်ခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရခိုင်ပြည်နယ်ကို လေးဝတီဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ကုလားတန်မြစ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်က မြစ်ဖျားခံပြီး ချင်းပြည်နယ် (ပလက်ဝ)မှတစ်ဆင့် ရခိုင်ပြည်နယ် (ကျောက်တော်၊ ပုဏ္ဏားကျွန်း)ကို ဖြတ်သန်းကာ စစ်တွေမြို့အနီးမှာ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်ပါသည်။ စာပေများတွင် ဂစ္ဆပနဒီ (ခေါ်) ကုလားတန်မြစ်ဟု တွေ့ရသည်။ ရခိုင်ပြည်နယ်တွင် အရှည်ဆုံးနှင့် အကြီးဆုံးမြစ်ဖြစ်ပါသည်။ ထို့ကြောင့်ပင် အိန္ဒိယ-မြန်မာ ကုလားတန် ဘက်စုံဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Project)၏ အဓိက ရေကြောင်းလမ်းဖြစ်ပါသည်။

လေးမြို့မြစ်သည်လည်း ထိုဒေသ၏ အခရာမြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် ချင်းပြည်နယ်အတွင်းရှိ ချင်းတောင်တန်း ဘာဘုတလန်တောင်ထိပ်မှ ရခိုင်ပြည်နယ်သို့ ဖြတ်သန်းစီးဆင်းသွားသော မြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် မြန်မာနိုင်ငံ အနောက်ဘက် ကမ်းမြောင်ဒေသရှိ မြစ်ကြီး လေးစင်းအနက် ကုလားတန်မြစ်ပြီးလျှင် ရခိုင်ပြည်နယ်၏ ဒုတိယအရှည်ဆုံး မြစ်တစ်စင်းဖြစ်သည်။ ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်းရှိ ဘုံတလာရေတံခွန်မှ အစတည်မြစ်ဖျားခံကာ ပလက်ဝမြို့နယ်သို့ ဖြတ်သန်း၍ ရခိုင်ပြည်နယ်အတွင်းသို့ စီးဆင်းလာသော မြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် စစ်တွေအရှေ့ဘက် အိန္ဒိယသမုဒ္ဒရာသို့ စီးဝင်သည်။

**လတ်တလော နိုင်ငံတော်အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း သုံးနိုင်ငံအဆင့်၊ နှစ်နိုင်ငံအဆင့် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိရာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေး လမ်းမကြီး စီမံကိန်းနှင့် “ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း”တို့သည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟုန်မြှင့်တင်ပေးမည့် အဓိက မောင်းနှင်အားကြီးများ ဖြစ်ပါသည်။**

> **“ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် တင်စားခေါ်ဝေါ်အပ်သည့် လေးဝတီမြစ်ဝှမ်းတစ်လျှောက် နေထိုင်ကြသော ရခိုင်၊ ချင်းအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ခံစားလိုကြပြီဖြစ်သည်။ ရေလမ်း၊ ကုန်းလမ်းဆက်သွယ်ရေးများ ပြန်လည်ပွင့်လင်းလာပြီး နယ်စပ်ကုန်သွယ်မှုများ တိုးတက်လာပါက ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာပြီး အထွေထွေလူမှုစီးပွားဘဝ ချက်ချင်းမြင့်မားလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည် ”**

**အဆိုပါစီမံကိန်းကြီးများသည် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှု မြှင့်တင်ရန်သာမက ကုန်းလမ်း၊ ရေလမ်းဆက်သွယ်မှုများမှတစ်ဆင့် အရှေ့တောင်အာရှနှင့် တောင်အာရှကို ချိတ်ဆက်ပေးမည့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးစင်္ကြံကြီးလည်း ဖြစ်သည်။**

ကုလားတန်ဘက်စုံစီမံကိန်း တည်ဆောက်ခြင်းသည် အိန္ဒိယအရှေ့မြောက် မီဇိုရမ်ဒေသနှင့် ကုန်သွယ်စီးပွားကဏ္ဍအဖြစ် လိုအပ်သည့် ကုန်ပစ္စည်းများကို စစ်တွေမြို့မှတစ်ဆင့် ပလက်ဝမြို့သို့ဖြတ်ပြီး ရေလမ်း ကုန်းလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရန် ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းတွင် စစ်တွေဆိပ်ကမ်းအပါအဝင် ပလက်ဝကုန်းတွင်းဆိပ်ကမ်း၊ ကုလားတန်မြစ်ကူးတံတား၊ ပလက်ဝ-မီဇိုရမ်ကားလမ်းများလည်း ပါဝင်ပါသည်။

### မိခင်မြစ်နှစ်စင်းနှင့် ဒေသခံတို့၏ မျှော်လင့်ချက်အလင်း

ကုလားတန်မြစ်ကြောင်းစီမံကိန်းသည် စစ်တွေပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝဒေသ၊ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ကုန်စည်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ အလားတူ လေးမြို့မြစ်ဝှမ်းဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးနှင့် မင်းပြား၊ ကျောက်တော် စသည့်မြို့နယ်များရှိ ပြည်သူတို့၏ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း (Eco-tourism) တို့အတွက် အဓိကမှီခိုရာဖြစ်သည်။ ဤမြစ်ဝှမ်းဒေသများ အမြန်ဆုံးအေးချမ်းတည်ငြိမ်လာခြင်းသည် ဒေသခံပြည်သူတို့အတွက် မိုးဦးကျကာလတွင် လန်းဆန်းစွာ ဖူးပွင့်လာမည့် “မိုးဆန်းပန်း” ကဲ့သို့ပင် လူမှုစီးပွားဘဝ ရှင်သန်ဖွံ့ဖြိုးမှုကို ချက်ချင်းဆောင်ကြဉ်းပေးမည် ဖြစ်သည်။

### စီမံကိန်းဆိုင်ရာ အစည်းအဝေးနှင့် ဒေသအတွက် လင်းရောင်ခြည်

၉-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **“အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှု လမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှု လမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းက ရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်း စီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစီမံကိန်းများသည် မိမိတို့ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း”** လမ်းညွှန်ခဲ့ပါသည်။

### ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြိုင်တည်းဆွဲကိုင်ခြင်း

နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူတို့၏ စားရေရိက္ခာ ဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ကုန်သွယ်ရေးစင်္ကြံလမ်းများပေါ်ရှိ ဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်နေစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိခြင်းမှာ ဝမ်းမြောက်ဖွယ်ရာ အပြုသဘောဆောင်သည့် ခြေလှမ်းများဖြစ်ပါသည်။

**ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် တင်စားခေါ်ဝေါ်အပ်သည့် လေးဝတီမြစ်ဝှမ်းတစ်လျှောက် နေထိုင်ကြသော ရခိုင်၊ ချင်းအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ခံစားလိုကြပြီဖြစ်သည်။ ရေလမ်း၊ ကုန်းလမ်းဆက်သွယ်ရေးများ ပြန်လည်ပွင့်လင်းလာပြီး နယ်စပ်ကုန်သွယ်မှုများ တိုးတက်လာပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး အထွေထွေလူမှုစီးပွားဘဝ ချက်ချင်းမြင့်မားလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။**

### အေးချမ်းခြင်းမိုးဆန်းပန်း ဝေဆာစေချင်

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက **“နယ်စပ်ဂိတ်များ ဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရ ဆောင်ရွက်ပြီးချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဝင်ရောက် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း”** မိန့်မှာခဲ့ရာ မိုးဦးကျကာလတွင် မြေကမ္ဘာတစ်ခွင် စိမ်းလန်းစိုပြည်လာသကဲ့သို့ ကုလားတန်မြစ်ကြီးနှင့် လေးဝတီမြစ်မင်းတို့ ဖြတ်သန်းစီးဆင်းရာ ရခိုင်နှင့် ချင်းမြေတစ်ခွင်သည်လည်း အမြန်ဆုံး အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှု အလင်းရောင်များ လွှမ်းခြုံလာစေရန် မျှော်လင့်မိပါသည်။

ဒေသခံပြည်သူများ၏ လိုလားချက်ဖြစ်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်၏ မဟာဗျူဟာမြောက် စီမံကိန်းများ အောင်မြင်စွာ ဟန်ချက်ညီညီ လည်ပတ်နိုင်ခြင်းအားဖြင့် ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် လေးဝတီမြစ်ဝှမ်းဒေသကြီးသည် အမြန်ဆုံးအေးချမ်းသာယာပြီး “မိုးဆန်းပန်း” များကဲ့သို့ လှပဝေဆာ လန်းဆန်းနိုင်ပါစေကြောင်း ဆုတောင်းလျက် ဆန္ဒမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## ဖောင်းပြင်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

✳ *ကျောဖုံးမှ*

အထက ခွဲအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ မင်းလည်အထက ခွဲအသင်းက ရွာခိုင်ကြီး အထကအသင်းကို ၁-၀ ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုဆွတ်ခူးရရှိခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ပြီး ပထမဆုရရှိသော မင်းလည်အသင်းအား မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်က တံခွန်စိုက်ဖလားဆုကို ပေးအပ်ချီးမြှင့်သည်။ **ဝင်းမင်းထွန်း (ပြန်/ဆက်)**

---

## ၆၆ ကေဗွီ မြန်အောင် - ဟသ်ာတ အမှတ် (၁) ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် မြန်အောင်မြို့နယ် ကညင်ဆည်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော (၁၀ ဒသမ ၅) မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းပြီးစီးပါက ထွက်ရှိမည့် ဓာတ်အားကို အင်္ဂပူမြို့နယ် ၆၆ ကေဗွီ ထူးကြီးဓာတ်အားခွဲရုံသို့ ပို့လွှတ်သွားမည်ဖြစ်သဖြင့် ၎င်းခွဲရုံနှင့်ချိတ်ဆက်မည့် ၆၆ ကေဗွီ မြန်အောင် - ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းကို ဇူလိုင်၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ (၂)နာရီကြာ ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူမြို့၊ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့များတွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။**သတင်းစဉ်**

## မြန်မာအီလက်ထရောနစ်မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်



**မော်လမြိုင် ဇူလိုင် ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးဟိဏ်းလင်းထက်က သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ကြပြီး ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ စားအုန်းဆီလက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို မြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့်တာဝန်ရှိသူများ က ဇူလိုင် ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ သတ်မှတ်ဈေးအတိုင်း ဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ် များနှင့် စနစ်တကျရောင်းချရေးနှင့် ရရှိသော ဆီပိဿာချိန်များကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိကို စစ်ဆေးစဉ်။ အေးမိုး(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်များအတွက် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မဟာအောင်မြေ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကား ပြောကြားပြီး အခမ်းအနားသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခုနစ်မြို့နယ် အရန်မီးသတ်ကြီးကြပ်ကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တက်ရောက်သည်။



အဆိုပါသင်တန်းတွင် မီးဘေးအန္တရာယ်အပါအဝင်ဘေးအန္တရာယ်များအကြောင်းနှင့် ဒေသတွင်းဖြစ်ပွားကြုံတွေ့နိုင်သော ဘေးအန္တရာယ် အမျိုးအစားအလိုက် လိုအပ်သည့်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သက်ထက်**

## ကျိုက်မရောမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

**ကျိုက်မရော ဇူလိုင် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျိုက်မရောမြို့နယ် ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက သင်တန်းဆင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ထူးချွန်ဆုရရှိသူများအားဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသား ၄၇ ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ပေါင်မြို့နယ် အထက(နတ်ကြီးချောင်)၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ပေါင် ဇူလိုင် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် အထက (နတ်ကြီးချောင်) ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသက်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၄၀ တို့ တက်ရောက်ကြပြီး မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်က လူကုန်ကူးမှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း အကျိုးကျေးဇူး၊ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက် တိုင်းရင်းဆေးမှူးက အရိုးထိခိုက်ဒဏ်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိက ရေဘေးအန္တရာယ်၊ သစ်တောဦးစီးဌာနမှ တောအုပ်က ထင်းအစားထိုးစွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေးနှင့် တရားမဝင်သစ် လျှော့နည်းပပျောက်ရေးတို့ကို အသိပညာပေးဟောပြောကြကာ သက်ဆိုင်ရာ ဌာနအလိုက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့နယ်၌ ထွန်းသစ်စသမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကွန်ဟိန်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ထွန်းသစ်စ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက မဟာကမ္ဘောဇပြည်ငြိမ်းအေးဓမ္မာရုံ၌ကျင်းပရာ အသင်းသဘာပတိ ဒေါ်လှမိုးဝေနှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးဝင်းမင်းထွန်းတို့က အမှာစကားနှင့် သမဝါယမဆိုင်ရာ ဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး အသင်းသားများ၏ မိသားစုဝင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုး၊ အမြတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး**



## ချောက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ချောက် ဇူလိုင် ၁၄**

ချောက်မြို့နယ်၌ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ် (ချောက်)မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်းကို ယမန်နေ့က အထက(၁) နှင့် အထက (၄) ကျောင်းခန်းမတို့၌ ကွင်းဆင်းဆောင်ရွက်ရာ ရဲအုပ်ဝင်းလှိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာ၍ ဖြစ်ပေါ်ခဲ့သည့် ယာဉ်အန္တရာယ် ဖြစ်စဉ်များ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပေးရှင်းလင်း ပြောကြားသည်။ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမိုး(ပြန်/ဆက်)**



## မြို့သစ်မြို့နယ် ငွေးကုန်းကျေးရွာရှိ ဝါစိုက်တောင်သူများအား မျိုးနှင့်သွင်းအားစုပေးအပ်

**မြို့သစ် ဇူလိုင် ၁၄**

မြို့သစ်မြို့နယ် သမဝါယမဦးစီးဌာနမှ လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်) စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ ဝါသီးနှံစိုက်ပျိုးသည့်တောင်သူများအတွက် မျိုးနှင့်သွင်းအားစု ပံ့ပိုးပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁)ဦးစိုးမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးမှူး ဒေါ်ဇာလတ်ဖြူက လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်) စီမံကိန်းဖြင့် ဝါသီးနှံစိုက်တောင်သူများအတွက် မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ငွေးကုန်းကျေးရွာ မွေးမြူရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းသား တောင်သူ ၁၃၈ ဦးအား ဝါသီးနှံဧက ၃၅၀ အတွက် မျိုးစေ့နှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၂၆ ခုနှစ် မိုးရာသီ ဝါးပင်စိုက်ပျိုးပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီ ဝါးပင်စိုက်ပျိုးပွဲကို ယမန်နေ့က မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၇၅) သစ်ပါးလွှာစက်ရုံဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးတို့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ စုစုပေါင်း ဝါးပျိုးပင် ၄၀၀၀ ကို တစ်ပျော်တပါး စုပေါင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် မဟာဗန္ဓုလလမ်းမနှင့် (၁၁) လမ်းထောင့်၌ ဆောင်ရွက်ရာ မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်တို့က လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး

**ချောင်းဆုံ ဇူလိုင် ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ အနေဖြင့် အာဇာနည်နေ့နှင့် ပတ်သက်၍ သိရှိနားလည်နိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာယမန်နေ့နံနက်ပိုင်းကကလော့ခနိုင်း(အမက) ကျောင်း၌ (၇၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ဆောင်ရွက်သည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ ဟောပြောခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## လယ်ဝေးမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ညိုပြင်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ ရပ်ရွာအတွင်း လိုအပ်ချက်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြို့နယ်( ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ်၌ လျှပ်စစ်တမံတည်ဆောက်နိုင်ရန် ကွင်းဆင်းစစ်ဆေး



**ကျိုင်းတုံ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ ကျေးရွာများတွင် လိုအပ်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် လျှပ်စစ်တမံ တည်ဆောက်နိုင်ရန် ဇူလိုင် ၁၂ ရက်က ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**ထန်းတပင် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာသိမှတ်ဖွယ်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက အခွန်ပြေစာ အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

## ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှု ဟောပြောပွဲကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းက အခွန်၏အဓိပ္ပာယ်၊ အခွန်အခများအကြောင်း၊ အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်များ၊ နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှုများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများအား စနစ်တကျ ရှင်းလင်းဟောပြောခဲ့သည်။ အဆိုပါဟောပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ဥတ္တရသီရိမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ဥတ္တရသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မင်းကုန်းကျေးရွာအုပ်စု ဖောင်းလောင်ကျေးရွာ ရွာအဝင်လမ်းတွင် ဇူလိုင် ၆ ရက်က ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ ကံ့ကော်၊ စိန်ပန်းနှင့် ခရေ စသည့် ပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## ပခုက္ကူခရိုင်အတွင်း သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေး ရေကန် ၃၀၂ လုံး ဆောင်ရွက်ပေး

**ပခုက္ကူ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ရေး ရေကန်ပေါင်း ၃၀၂ ကန်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေကန် ၃၀၂ ကန်ကို ၂၀၂၆ ခုနှစ် မေ ၁၆ ရက်မှ ဇွန် ၃၀ ရက်ထိ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ရာ ကျေးရွာနေပြည်သူများထံ လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးတင်အုန်းထံမှ သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း

### "စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ" (EOI)ဖောင်တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခြင်း

**Request For Expression of Interest(EOI) for Warehouse Construction in Naypyitaw, Myanmar.**

Myanmar Red Cross Society (MRCS) to enable humanitarian recovery from emergencies for vulnerable disaster–affected communities through more efficient provision of relief supplies in Myanmar.

MRCS hereby announces that reputable contractors with experience in the local construction industry, preferably in Myanmar may contact Logistics and Supply Chain Management Department of MRCS to obtain the EOI questionnaire for prequalification. Request for EOI Questionnaire must be delivered in written form (Hard Copy) to MRCS–Logistics & Supply Chain Management Department, Raza Thingaha Road, Dekkhinathiri Township, Nay Pyi Taw, and Red Cross Building, (No–42) Strand Road, Botahtaung Township, Yangon, Myanmar, Tel +9518 392028, +9518 392029, +9518 392030 Starting from 15th July 2026, 9:30 Hour–before 28th July 2026, 16:30 Hour, Myanmar Time. The duly completed pre–qualification questionnaire and supporting documents must be submitted in sealed envelope to above mentioned address by 28th July 2026, 16:30 Hour, Myanmar Time.

### ကြက်ခြေနီသိုလှောင်ရုံဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် "စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ" (EoI) ဖောင်တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံဒေသအနှံ့တွင် လူမှုကရုဏာလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ကူညီထောက်ပံ့နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘေးဒဏ်အမျိုးမျိုးကြောင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကယ်ဆယ်ရေးပစ္စည်းများ ပိုမိုထိရောက်စွာပံ့ပိုးပေးခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အတွေ့အကြုံရှိသည့် ကန်ထရိုက်တာများအား နေပြည်တော်(ရုံးချုပ်)တွင် ကြက်ခြေနီသိုလှောင်ရုံဆောက်လုပ်ရေးလုပ်ငန်းအတွက် "စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ"(EOI)မေးခွန်းလွှာရယူရန် ဆက်သွယ်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (EOI) ကြိုတင်ဆန်းစစ်ခြင်းမေးခွန်းများတောင်းခံလွှာကို ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန (နေပြည်တော်ရုံးချုပ်)၊ ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်နှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန(ရန်ကုန်ရုံး)၊ အမှတ်–၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်– ၀၁၈ ၃၉၂၀၂၈ ~ ၃၀ (လိုင်းခွဲ–၁၁၉) သို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၁၅)ရက်နေ့ မြန်မာစံတော်ချိန်နံနက်(၉:၃၀) နာရီ မှ စတင်ထုတ်ယူနိုင်ပြီး၊ ကြိုတင်ဆန်းစစ်ခြင်း မေးခွန်းလွှာဖြေဆိုမှုများနှင့် အထောက်အထား စာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၂၈)ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာများသို့ တံဆိပ်ခတ်ထားသည့် စာအိတ်ဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်း၏ရုံးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် Modular devices Package များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ စတင်ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** – ၁၅–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** – ၂၁–၇–၂၀၂၆ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** – ၂၈–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ**
(က) – မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၁–၃၉၂၀၂၈ ~ ၃၀
(ခ) ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန တဝန်သံကျေးရွာ (တောင်ကလေးကျေးရွာအနီး) လှာကမြင်ကျေးရွာအုပ်စု၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်၊ ဖုန်း–၀၉– ၄၂၉ ၂၆၅ ၉၂၉

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအားသိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်း၏ရုံးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် IT Equipment and First Aid ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ စတင်ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** – ၁၆–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** – ၂၁–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** – ၂၈–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ**
(က) – **မြန်မာနိုင်ငံကြက်ခြေနီအသင်း** (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၁–၃၉၂၀၂၈ ~ ၃၀

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၄၅၂)၊ မြေအကျယ်အဝန်း(အလျားပေ၄၀x အနံပေ၆၀)၊ မြေဧရိယာ(၀.၀၅၅ )ဧက၊ (၂၄၀၀ )စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းလွင်ထံမှ "နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးစိုးမိုးကျော် (၁၂/တမန(နိုင်)၀၁၀၀၉၁)က မိမိသာလျှင်တရားဝင် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောချောခိုင်(၁၂/ဥကတ(နိုင်)၀၀၃၆၄၄)က အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၅၄၁၁၀၄၈**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၈၉)၊ မြေကွက်အမှတ်–၂၂၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးဝင်းကြည် အမည်ဖြင့် ထွက်ရှိထားသော ပါမစ်အစုံမူရင်း အလျားပေ ၄၀ x အနံပေ ၆၀ မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အားလုံးကို ဦးသိန်းဇော်လင်း (၁၂/ရကန(နိုင်) ၀၁၅၂၄၉)က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသူမော် (၁၄/ဟသတ(နိုင်)၂၆၈၃၂၈)က ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသူမော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LL.B,CBL,DBL) (DL–101 WIPO Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

---

## မိဘအမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက (၁) Grade (5) D မှ မောင်ဘုန်းမြတ်လျှံ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး (၇/ဖမန (နိုင်)၁၉၁၂၂၉) မိခင်အမည်မှန်မှာ ဒေါ်ရွှေစင် (၇/ဖမန(နိုင်)၁၉၁၂၅၃) ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး–ဒေါ်ရွှေစင်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ ကွင်းအမှတ် ၂၀၈၀–က၊ တောင်နောက် အနောက်ကွင်း၊ မြေကွက်အမှတ်(၅၈/၁၄၂)၊ မြေဧရိယာ (၀.၄၃၁)အား လူနေထိုင် အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) ခွင့်ပြုထုတ်ပေးပါရန် ဦးတိုးငွေ ၉/ကပတ(နိုင်)၁၈၅၈၂၂မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/4606. Mitsubishi Canter Fe.82.DEV, TRUCK(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၈/ပမန(နိုင်) ၀၈၅၀၃၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/78265, Honda Dream–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးအောင် ၁၄/ပသန(နိုင်)၂၉၄၉၁၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/51705, Honda Wave–100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၁၄/ကကန(နိုင်)၁၃၀၉၃၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## မွေးသက္ကရာဇ်အမှန်

ဦးဖြိုးဇော်ဟိန်း ၏သား မကွေးတိုင်းဒေသကြီး၊ အထက် မင်းလှမြို့နယ်၊ အ–ထ–က (မလွန်)၊ Grade–5 မှ မောင်လှိုင်ဇော်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄–၈–၂၀၁၆) ဖြစ်ပါကြောင်း။ **မောင်လှိုင်ဇော်ဖြိုး**

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဘားအံမြို့၊ အထက (၁)၊ Grade–12 တန်းခွဲ (C)မှ (ဘ) ဦးလာခယ်၏သမီး နန်းသွယ်သွယ် (၃/ဘအန(နိုင်)၅၅၉၉၂၆) ၏ အမည်မှန်မှာ နန်းရတနာသွယ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၉–၁–၂၀၀၇) ဖြစ်ပါကြောင်း။

**နန်းရတနာသွယ်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ သာလွန်လမ်း၊ အမှတ် (၆၂၆)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၀x၆၀)ရှိသည့် ဒေါ်ခင်စောတင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အကျယ်အဝန်းပေ (၁၀x၆၀)ရှိသည့် မြေကွက်(ခြေရင်းခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူထံမှ ဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ကြည် (၁၂/မဂဒ(နိုင်)၀၀၄၃၃၁) နှင့် မချစ်ချစ်ကျော် (၁၂/ဥကမ(နိုင်)၂၁၃၂၃၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမျိုးသွယ် (၁၂/ဥကမ(နိုင်)၂၀၁၄၈၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမျိုးသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**
**အမှတ် (၂၇၀)၊ ခေမာ (၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၉၇၄၆၀၀၈၉၉**

---

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇) ၊မြေကွက်အမှတ်(၁၄၄/က)၊ အလျား ပေ ၂၀xအနံပေ၆၀ ၊ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၇)ရပ်ကွက် ၊ ဟားခါး (၃)လမ်း၊အမှတ်(၁၄၄/က)ဟုခေါ်တွင်သောမြေအိမ်တွင် နေထိုင်ခဲ့သော ဦးဝင်းတင် (၂၂–၆–၂၀၁၅)ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏ ဇနီးဒေါ်ကြူကြူထွေး(ခ)ဒေါ်ကြူသည်လည်း (၈–၄–၂၀၂၄) ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။၎င်းတို့၏ သေဆုံးမှုလက်မှတ်များအားမြေးများဖြစ်ကြသော ဒေါ်ပိုးအိလွင်(၁၂/ ဒဂရ (နိုင်) ၀၁၁၂၅၉) နှင့် ဒေါ်အေးမို့မို့သွင် (၁၂/မဘန (နိုင်)၁၁၄၀၁၁) တို့မှ တိုင်းကျန်းမာရေးဦးစီးဌာနတွင် သေစာရင်းလျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီးရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ပိုးအိလွင်(၁၂/ ဒဂရ (နိုင်) ၀၁၁၂၅၉) နှင့် ဒေါ်အေးမို့မို့သွင် (၁၂/မဘန(နိုင်)၁၁၄၀၁၁)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်–၉၂၈၉)**
**အမှတ်(၅၅)၊အခန်း(၁၄/အေ)၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း–၀၁–၃၇၃၀၄၆၊၀၉–၅၄၀၆၆၁၁**

---

## ဒေါ်ငုဝါအေးနှင့် အများသိစေရန်

ကျွန်တော် ဦးကျော်စိုးထက် ၁၂/တမန(နိုင်) ၁၁၈၇၄၇နှင့် ဒေါ်ငုဝါအေး ၇/အတန(နိုင်) ၁၀၈၁၆၅ သာကေတမြို့နယ်နေထိုင်သူတို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသောကြောင့် (၈–၄–၂၀၂၅)ခုနှစ်က တစ်မိုးအောက်တွင် အတူတူပေါင်းသင်းနေထိုင်ခြင်း၊ အပြန်အလှန်ပတ်သက်ဆက်နွှယ်ခြင်း မရှိကြတော့ပါ။ သို့ရာတွင် ပစ္စည်းခန်းခွဲဝေရန်ကတ္တာ ကျန်ရှိနေသော BAIC SENOVA X55/5R/7383 နှင့် အမှတ်(1–B)၊ ရတနာပုံ (၃)လမ်း၊ (၁၀)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်တွင်ရှိသော လုံးချင်းအိမ်အား ရောင်းချပြီးဖြစ်သောကြောင့် (၁၀–၇–၂၀၂၆)ရက်တွင် မှတ်ပုံတင်အမှတ်(၂၀၆/၂၀၂၆) တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းခဲ့ကြပြီး ဖြစ်ပါသည်။ သို့ပါသောကြောင့် ဒေါ်ငုဝါအေးနှင့် သက်ဆိုင်သော မည်သည့်ကိစ္စမဆို ကျွန်တော် ဦးကျော်စိုးထက်နှင့် သက်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၈၅၇)**
**အမှတ်(၉၉)၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၄၈၉၆၄၆၂၆**

---

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စံသူရိန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade(9)မှ မောင်မီသရာဒွေဗ်၏ ဖခင်အမည်မှန်မှာ ဦးကျန်ဒရာစေခါရ် (၁၃/နခတ(ဧည့်) ၀၀၀၁၆၂)ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ကံတက်ကုန်းကျောင်း၊ မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း Grade–3 မှ မသိမ့်သိမ့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထွန်း ၉/ပသက(နိုင်) ၁၃၄၇၃၅ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ထွန်း**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကမှ မနှင်းအိရွှေရည် G–4 ၏ ဖခင် ဦးမောင်ငယ်(ခ)ဦးငယ် ၉/ညဥန(နိုင်)၁၆၃၀၁၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အားသစ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade–10 တန်းမှ မပိုးဖြူသဲ ၏ မိဘအမည်မှန်မှာ ဦးဇာမျိုးဝင်း ၉/ညဥန(နိုင်)၁၄၆၃၀၂ – ဒေါ်ခင်စန်းငွေ ၉/ငသရ(နိုင်)၀၀၇၆၅၉ ဖြစ်ပါကြောင်း။

---

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ (ဘ)ဦးဌေးဝင်း၏သား မောင်နေလင်းပိုင်(၁၀/မဒန(နိုင်)၂၄၁၅၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေး ကြေညာလိုက်ပါသည်။ မောင်နေလင်းပိုင်သည် မော်လမြိုင်တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့ (ပထဝီ)ဒုတိယနှစ်တွင် တက်ရောက်ပညာသင်ယူနေသော တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး(KMD College) (ရန်ကုန်)တွင်လည်း HND မေဂျာဖြင့် ပညာသင်ယူနေသော ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ အနာဂတ်ဘဝတိုးတက်မြင့်မားရေးအတွက် ပညာရေးကို အားကြိုးမာန်တက်သင်ယူနေစဉ် မောင်နေလင်းပိုင် ၏ ရိုးသားမှု၊ ကြိုးစားမှုများကြောင့် လူချစ်လူခင်များပြားလာသည်ကို မနာလိုမရှုစိမ့်သူတို့က မောင်နေလင်းပိုင်အား ဂုဏ်သိက္ခာကျဆင်းစေရန်၊ မဟုတ်မမှန်ဖန်တီးလုပ်ကြံ၍ ကောလာဟလသတင်းများ ဖြန့်ချိလျက်ရှိနေကြောင်း လွှဲအပ်ညွှန်ကြားချက်အရသိရှိရပါသည်။ ကျွန်ုပ်အမှုသည် မောင်နေလင်းပိုင်၏ ဂုဏ်သိက္ခာကျဆင်းအောင် အသရေဖျက်၍ပြောဆို၊ ကြေညာ၊ မမှန်သတင်းဖြန့်ဝေခြင်းများကို ရပ်တန့်ကရပ်ကြပါရန်နှင့် ထိုသို့တားမြစ်ထားပါလျက် ဆက်လက်ပြုလုပ်သွားမည်ဆိုပါက မလွှဲမရှောင်သာဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်မျိုးသူဇာနှင်း** | **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်အိဖြူနှင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၄၂၁၆)** | **(စဉ်–၁၀၆၂၃)** | **(စဉ်–၅၄၅၇၈)** |
| **ဖုန်း–၀၉ – ၂၅၄၂၁၈၀၂၄** | **ဖုန်း–၀၉ – ၂၅၃၂၂၅၁၅** | **ဖုန်း–၀၉–၄၂၀၀၄၇၅၅၅** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉–ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက်အမှတ်(၂၆၁)၊ မြေဧရိယာ(၀.၁၀၇) ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးစိုးလင်းနိုင် ၉/ကပတ(နိုင်) ၁၆၇၇၇၇၊ ဒေါ်အိအိခင် (၉/ကပတ(နိုင်)၁၈၁၆၇၉) နှင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ကျောက်ပန်းတောင်းမြို့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၂ ရပ်ကွက်၊ အကွက်အမှတ် လလ–၇၁၊ ဦးပိုင် အမှတ် ၆၉+၇၀+၇၁+၈၄+၈၅+ ၈၆/ ၄၆x၄၇ကြား၊ ၁၃၉ x၁၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လှ ၉/မနတ(နိုင်)၀၇၃၇၄၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၁၉/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ မောင်ဆံဝင် ၁၃/ကခန(နိုင်)၀၁၇၁၇၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)၊ ရန်ကုန် "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူဖြစ်သော ဒေါ်သန္တာနေဝင်း ၁၃/တကန(နိုင်)၁၄၀၅၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သီတာဝင်း ၇/ရကန(နိုင်)၀၁၄၆၄၈ ကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်း မရှိခဲ့ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉) LL.B, D.B.L**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)၊ နန္ဒဝန်လမ်း၊(၂၀/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက(၇) အင်းခေါင်း Grade-5 မှ မောင်လင်းထက်အောင် ၏ ဖခင်အမည်မှန်မှာ ဦးဟံဝင်း ၉/ကပတ(နိုင်)၁၈၉၀၁၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ခိုလမ်မြို့၊ အထက ခိုလမ်၊ Grade-8 မှ မောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်နိုင် ၇/ကဝန(နိုင်)၀၆၂၁၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ စစ်ပင်ဘုရားလမ်း၊ မြေကွက် အမှတ်(၂၇၀)၊ မြေအမျိုးအစား-ပါမစ်မြေ၊ မြေအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ မြေကွက်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးတင့် (N/KGN-၀၃၇၀၉၂)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဝင်းမောင် ၁၂/ဒဂရ(နိုင်)၀၀၀၂၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဟန် ၁၂/သကတ(နိုင်)၀၅၆၄၄၈ က အပြီးအပိုင် လက်ရောက် ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက တရားဝင် ခိုင်လုံသော (စာရွက် စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဟန် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ၊ ပြည်တော်သာရပ်၊ ဂုဏ်ထူးလမ်း၊ အိမ်အမှတ်(၁၃၀)နေ ဦးအိုက်ဖင့် ၁၃/တကန(နိုင်)၀၁၄၃၃၁ နှင့် ဒေါ်အဲယိင်း ၁၃/တကန(နိုင်)၀၁၄၃၃၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေရမည်။

ဦးအိုက်ဖင့်နှင့် ဒေါ်အဲယိင်းတို့၏ သမီးအငယ် ဖြစ်သူ ဒေါ်နန်းဝေဝေအောင် ၁၃/တကန(နိုင်)၂၉၂၅၅၇ သည်မိဘများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်၊ အရှက်ရအောင် ပြုလုပ်သည့်အပြင် (၅-၇-၂၀၂၆)ရက် နေ့တွင် နေအိမ်မှဆင်းပြီး ၎င်း၏ သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေသည့်အတွက် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ နောက်နောင် ဒေါ်နန်းဝေဝေအောင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်သန္တာဝင်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်(၁၉၈၇၇)**
**အမှတ်(ပ/၁၅)၊ စံပယ်လမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၂၅၉၉၄၆၉၄**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၆)လမ်း၊ အမှတ် (၃၉၆)၊ မြေညီ (ဘယ်/ညာ)ခြမ်း တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ငွေဇင်ထွန်း ၆/ပလန(နိုင်)၁၅၇၉၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းမင်း ၈/မသန(နိုင်)၀၇၈၅၈၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထား များ နှင့်တကွ ဤကြော်ငြာ ပါသည့်ရက် မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား "ဥပဒေ" အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းမင်း ၈/မသန(နိုင်)၀၇၈၅၈၄**
**အမှတ် (၇၃၁)၊ ဧရာ (၁၅) လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၂၅(က)၊ ရဲစုအနောက်တော၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၁. ၃၂)ဧကအနက်မှ (၆၀x ၆၁)ပေရှိ အကွက်အမှတ်-(D) ဟုခေါ်တွင်သည့် ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်(၄)စောင်ဖြင့် ပိုင်ဆိုင်သူ ဦးစန်းထွေး ၁၂/ကခက(နိုင်)၀၆၇၁၁၄ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူဦးမိုးစက်အောင် ၁၂/မဘန (နိုင်)၁၁၂၉၆ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွန်းနိုင် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၅)**
**အမှတ်-၂၉၆၊ စပယ်လမ်း၊ ဥဿာမြို့သစ်(၇/၃)ရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၀၀၃၃၇၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက် (၇)၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၃၀/ကုန်းပေါ် အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၄၀/၁)၊ မြေကွက်အမှတ် (68/181)၊ ဧရိယာ(၀ ဒသမ ၀၄၆) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁၂-၈-၂၀၀၉ ရက်စွဲပါ အမှုတွဲအမှတ် (၂၇/၂၀၁၈) အရ ဒေါ်တင်နုရီ အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထား ရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်တင်နုရီ ထံမှ ဦးအောင်ပြည့်မော် သည် ကလောမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၂၁-၂-၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ် (၅၆/၂၀၂၄) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအောင်ပြည့်မော် ၇/တငန(နိုင်)၁၂၇၅၀၀အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ လာရာက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## အများသိစေရန်ကြေညာခြင်း

ရွှေညောင်မြို့၊ ရွှေဘုံသာရပ်ကွက်၊ နယ်မြေ(၃)၊ သဇင်လမ်းတွင် နေထိုင်သူ ဒေါ်ညွန့်ညွန့်ဆွေ ၁၃/တကန(နိုင်)၂၁၁၄၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ညွန့်ဆွေသည် "ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၅၇)၊ အကွက်အမည် (ရေထွက်ဦးမြောက်)၊ မြေကွက်အမှတ် (၂၈)၊ ဧရိယာ (၀.၁၀၄)ဧက၊ စတုရန်းပေ (၄၅၃၀)၊ မြေအမျိုးအစား(H)၊ ဦးပိုင်ပေါက်သူ၏အမည်- ဦးမြဒင်" အမည်ရှိ အိမ်နှင့်မြေဥပစာကို အပြီးအပိုင် ရောင်းချဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ထားသည့်နေ့ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ယခုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၂၅)**
**အမှတ်-စ/၂၇၄၊ နယ်မြေ(၆)၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၂၅၀၁၁၉၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အမှတ် (၁၀၈၀)ဟု ခေါ်တွင်သော အလျား (၄၀)ပေ၊ အနံ (၆၀)ပေရှိ ဦးအောင်သိန်း (၁၂/မဘန(နိုင်)၀၄၁၁၆၆) အမည်ပေါက်၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရဲလင်းဦး ၁၂/ဒဂတ(နိုင်)၀၈၀၅၃၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နိုင်နိုင်အောင်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေး ကတိစာချုပ် ချုပ်ဆို၍ ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်နိုင်နိုင်အောင် ၁၄/ဇလန(နိုင်)၁၀၄၃၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကလျာဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၂၁၁)**
**အမှတ်(၂၇၇/ပ-ထပ်)၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၈၂၇၈၂၇၂၈**

## အခြေခံပညာဦးစီးဌာန
## ပြည်နယ်ပညာရေးမှူးရုံး
## ကရင်ပြည်နယ်-ဘားအံမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်၊ အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခေါင်းစဉ်ဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း (၂)ခုLot(၁)ခု(၁)ထပ်ဆောင်တည်ဆောက်ခြင်း လုပ်ငန်းများအား ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသဖြင့် ကရင်ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့၌ အိတ်ဖွင့်တင်ဒါပုံစံများဝယ်ယူ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၂၂၄၅၉၇၊ ၀၉-၄၅၈၀၃၄၀၈၄၊ ၀၉-၄၂၅၀၃၆၆၂၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၂၆ ရက်

(ခ) **တင်ဒါရောင်းချခြင်းပိတ်မည့်ရက်** - ၂၄-၇-၂၀၂၆ ရက်၊ ၁၆:၃၀နာရီတိတိ

(ဂ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၃-၇-၂၀၂၆ ရက်၊ ၁၆:၃၀နာရီတိတိ

(ဃ) **တင်ဒါရောင်းချ/တင်သွင်း ရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ ဦးစိုးလင်းမှ ကွင်း/အကွက်အမှတ်နှင့် အမည်-၄၀၄ᵇ၊ သက်ကယ်ရိုးကွင်း၊ မြေကွက်အမှတ်-(၁/၁၃၉)၊ မြေဧရိယာ(၀.၂၁) ဧကရှိ မြေကိုမြေငှားဂရန်အသစ် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၂၅-၇-၂၀၂၆)ရက်အတွင်း ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးစိုးလင်းမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ္သာတခရိုင်၊ ဟသ္သာတမြို့နယ်၊ တာကလေးရပ်ကွက်၊ အကွက်အမှတ် (၄၇)၊ တာကလေးရပ်၊ ဦးပိုင်အမှတ် (၃၁ᵇ)၊ ဧရိယာ (၀.၀၃၈) ဧက ရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | |
|---|---|
| အရှေ့လားသော် | - နတ်မော်လမ်း |
| အနောက်လားသော် | - ငါးမျက်နှာဘုရားကြီးရပ် |
| တောင်လားသော် | - ဦးပိုင်အမှတ် (၃၁ᵏ) |
| မြောက်လားသော် | - ဦးပိုင်အမှတ် (၃၀) တို့ဖြစ်ကြပါသည်။ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးသက်ထွေးပိုင်၊ ဒေါ်တင်သူဇာဝင်း တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်များကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လို သူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့် တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ဟသ္သာတမြို့**

## ဒေါ်ဇင်မျိုးသန္တာ(ဘ)ဦးသိန်းဌေး (၆/ကသန(နိုင်)၀၈၇၅၂၈) နှင့် အများသိစေရန် ကြေညာခြင်း

ကော့သောင်းမြို့နယ်၊ အောင်ဘာစံပြကျေးရွာ၊ အောင်မြန်မာရွာနေ ဦးအောင်သန်းအေး (ဘ)ဦးသန်းထွန်း (၆/ကစန(နိုင်)၀၄၄၀၆၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းအေးနှင့် ဒေါ်ဇင်မျိုးသန္တာတို့သည် လွန်ခဲ့သော (၁၂)ခန့်မှစ၍ အကြင်လင်မယားအဖြစ်လက်ထပ်ပေါင်းသင်းလာခဲ့ရာ သမီး(၂)ဦး ထွန်းကားခဲ့ကြောင်း သိရှိရပါသည်။ ဒေါ်ဇင်မျိုးသန္တာသည် (၂၀၂၃) ခုနှစ်ခန့်မှစ၍ အခြားအမျိုးသားတစ်ဦးနှင့် လူမှုရေးဖောက်ပြန်လျက်ရှိပြီး သမီး(၂)ဦး၏ မျက်နှာကို ငဲ့ကွက်ထောက်ထားခြင်းမရှိ အဆိုပါအမျိုးသားနှင့်ပင် တရားမဝင်ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။ ဒေါ်ဇင်မျိုးသန္တာသည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းအေးနှင့် တရားဝင်မကွာရှင်းရသေးမီ လူမှုရေးဖောက်ပြန်မှုများ အကြိမ်ကြိမ် ကျူးလွန်လျက်ရှိသည့်အပြင် ထပ်မံ၍ နောက်အိမ်ထောင်ပြုထားသည်ဟု သိရှိရပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် မိသားစုများ၌ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းခြင်းများ ဖြစ်ခဲ့ရကြောင်းသိရှိရပါသည်။ ထို့ကြောင့် ဒေါ်ဇင်မျိုးသန္တာအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့်ပေါင်းသင်းစဉ်က မွေးဖွားခဲ့သော သမီး(၂) ဦးအား မည်သည့်နည်းနှင့်မှ လာရောက်တွေ့ဆုံ ပတ်သက်ဆက်နွယ်ခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ သမီး(၂)ဦးနှင့် လာရောက်တွေ့ဆုံ ပတ်သက်ခြင်းများ ပြုလုပ်နေမည်ဆိုပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒေါ်ဇင်မျိုးသန္တာနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူမာညွန့် LL.B,LL.M,C.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၀)**
**(၁၁၅)မြို့ပတ်လမ်း၊ အောင်သုခရပ်၊ မြိတ်တောင်၊ မြိတ်မြို့**
**ဖုန်း-၀၉-၆၇၈၈၆၄၈၁၁**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကမ္ဘလက်ပြရပ်နေ ဦးစံထွေး ၈/ပခက(နိုင်)၂၉၆၀၆၈၊ ဒေါ်ဆွေဆွေဝင်း ၈/ပခက(နိုင်)၂၉၆၁၁၁ တို့၏ သမီး မသန်းစိုးဦးအား မိဘနှစ်ပါးဆိုဆုံးမမှုကို လက်မခံသောကြောင့် ဖခင်နှင့်မိခင်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သောမည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံထွေး-ဒေါ်ဆွေဆွေဝင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ရေအရင်းအမြစ်)၊ ပြည်ထောင်စုနယ်မြေရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စုငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော လျှပ်စစ်ရေတင်လုပ်ငန်းတွင် ဆိုလာစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းတင်ဒါနှင့် နေပြည်တော် ကောင်စီငွေလုံးငွေရင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ နေပြည်တော်(ထိန်းသိမ်းရေး) ငွေစာရင်းဌာနစိတ်နှင့် ဖုန်း ၀၉-၂၅၁၁၇၈၅၆၆ နှင့် ၀၉-၅၀၉၆၀၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

(က) **သတင်းစာကြော်ငြာထည့်သွင်းခြင်း** - ၁၅-၇-၂၀၂၆ ရက်

(ခ) **တင်ဒါအဆိုပြုလွှာစတင်ရောင်းချမည့် ရက်/အချိန် (Profile အထောက်အထားများ တင်ပြရမည်)** - ၂၀-၇-၂၀၂၆ ရက်၊ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၂၄-၇-၂၀၂၆ ရက်၊ ညနေ(၄:၃၀)နာရီ

(ဃ) **တည်ဆောက်ရေးပစ္စည်း နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာစာအိတ်များ ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့် အချိန်** - ၃၀-၇-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ

(င) **လုပ်ငန်းနည်းပညာအဆိုပြုလွှာ စာအိတ်(A) ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ

(စ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး ဘဲကုန်းဆည်မြောင်းဝန်း၊ ဓမ္မာရုံ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ကျော်ဇေယျ(၁)လမ်း၊ အမှတ်(၈၇၂) ဟုခေါ်တွင်သော မြေဧရိယာအကျယ်အဝန်း အလျား ရှေ့မျက်နှာ၀ ၁၅'/ အလယ် ၂၅'xအနံ ၆၇'ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ် ၂လုံး၊ ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးအောင်ထူးမြိုင် ၇/ပမန(နိုင်)၀၃၅၄၇၈ မှ တရားဝင် လက်ဝယ် ပိုင်ဆိုင်ပြီးစီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းပိုင်ဆိုင်မှုအရှုပ် အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဇာခြည်ပြုံး ၁၂/အစန(နိုင်)၂၀၂၇၆၃ ကအပြီးအပြတ်ဝယ်ယူရန်စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်းမော်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၀၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၅၂၉၂၇၁၁၄**

## မသဲအိဖြူ (၁၀/မလမ(နိုင်)၂၂၇၄၇၅)နှင့် အများသိစေရန်ကြေညာခြင်း

ဘားအံမြို့၊ ပါယိုကျေးရွာ၊ မဲဘောင်အပိုင်း(၃)နေ ဦးသန်းဆွေ(၁၂/မဂဒ(နိုင်) ၀၅၉၅၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာ လိုက်သည်-

(ဘ) ဦးသန်းဆွေ၏သမီးဖြစ်သူ မသဲအိဖြူ (၁၀/မလမ(နိုင်)၂၂၇၄၇၅) သည် မိဘများ၏ဆုံးမမှု ကိုနာခံမှုမရှိဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ် ပြုလုပ်ခြင်း၊ ဖခင်အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အမျိုးမျိုးပြုမူ ဆောင်ရွက်ခြင်း၊ ၎င်းအပြင် ဖခင်စုဆောင်းထားသော ဖခင်ပိုင် ရွှေ၊ ငွေပစ္စည်းများနှင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများအား ဖျောက်ဖျက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ ဖခင်အား မဟုတ်မမှန်စွပ်စွဲ၍ နစ်နာစေရန်ရည်ရွယ်ကာ တရားစွဲဆိုမှုများပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သောကြောင့် ၎င်းအား သွားနုတ္တသမီးအဖြစ် သတ်မှတ်လိုက်ကြောင်း မသဲအိဖြူနှင့် အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် LLB, LL.M တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၁၄)**
**ဇီဇဝါလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဘားအံမြို့**
**ဖုန်း-၀၉-၄၂၅၀၀၂၅၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (ဆ/၅၁၁)၊ ဧရိယာ(၀.၀၆၀) ဧကရှိဘိုးဘပိုင်မြေကွက်သည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင်ဦးစိုးသိန်းအမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား ၂-၄-၂၀၂၆ ရက်စွဲပါ အရောင်းအဝယ် စာချုပ်အမှတ် (၁၉/၂၀၂၆) အရ ဦးကျော်ဆန်းညွန့်၊ ဒေါ်မိုးမိုးမြင့်တို့မှ ၎င်းတို့၏အမည်သို့အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(က/၁၉၀)၊ ဧရိယာ(၀.၀၄၂) ဧကရှိဘိုးဘပိုင်မြေကွက်သည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိစာရင်း မြေပုံများတွင် ဒေါ်အမာကြည် အမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား ၁၈-၅-၂၀၂၆ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၃၄/၂၀၂၆)အရဦးတင်ဝင်း၊ ဒေါ်အေးအေးခိုင် တို့မှ ၎င်းတို့၏ အမည်သို့ အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာ ပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှရက် (၃၀) အတွင်း စာရွက် စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါ သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**မြေစာရင်းဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) ရန်ကုန်တောင်ပိုင်းခရိုင်၊ (ယခု)တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-1)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၈၁၄)၊ အကျယ်အဝန်း (၁၀၁.၁' x ၁၀၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် (ယခင်)ရန်ကုန်တောင်ပိုင်းခရိုင်၊ (ယခု) တွံတေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၅၂၈၃/၂၀၂၀)အရ ဦးနေဝင်းစိုး (၆/မအရ(နိုင်)၀၈၆၂၅၉)အမည်ဖြင့် ရရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းမှ အဆိုပါမြေကွက်အား မိမိကိုယ်တိုင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ ပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံ စားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ ( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2)၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၂၇၁၅)၊ (၂၇၁၆)၊ (၂၇၁၇)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ မြေကွက်(၃)ကွက်နှင့်တကွ ယင်းမြေကွက်များနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် (ယခင်)ရန်ကုန်တောင်ပိုင်းခရိုင်၊ (ယခု)တွံတေးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၂၇၆၂/၂၀၂၀)၊ (၂၇၆၃/၂၀၂၀)၊ (၂၇၆၄/၂၀၂၀)တို့အရ ဒေါ်စုစုအေး (၁၂/တတန(နိုင်) ၁၁၄၃၅၅) အမည်ဖြင့် ရရှိထားသည့် မြေကွက်(၃)ကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူထားသူ ဦးသက်နိုင် (၁၂/အလန (ပြု)၀၀၀၁၅၇)မှ အဆိုပါ မြေကွက်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၃)ကွက် နှင့်တကွ ယင်းမြေကွက်များနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B), (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၁၊ ၀၉-၇၈၈၇၈၇၆၆၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက် အမှတ်(၁၀)၊ ဘယသကြံန်လမ်း၊ မြေကွက်အမှတ်(၆၉၂/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဒေါ်သိင်္ဂီထွေး ၁၂/ဥကတ(နိုင်)၀၄၈၉၄၃ အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါအမည်ပေါက်သူ ဒေါ်သိင်္ဂီထွေး ၁၂/ဥကတ(နိုင်)၀၄၈၉၄၃ ထံမှအပြီးအပိုင်ဝယ်ယူရန် အတွက် ဦးအေးချမ်းသော်၉/မထလ(နိုင်)၃၂၀၄၂၆ မှ စရန်ငွေတစ်ချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးချမ်းသော် ဖုန်း- ၀၉ - ၂၀၂၂၅၃၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/4832 ၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၂၂၁)၊ ဧရိယာ(၀.၀၈၀)ဧက အနက်မှ (၀.၀၄၀) ဧကရှိ ဘိုးဘပိုင် မြေကွက်သည် အောင်လံမြို့နယ်မြေ စာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများ တွင် ဦးသန်းထွန်း အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား ၁၀-၄-၂၀၂၆ ရက်စွဲပါ အရောင်းအဝယ် စာချုပ်အမှတ် (၃၂/၂၀၂၆) အရ ဦးဇေယျာဖြိုး၊ ဒေါ်ဖြိုးသီတာတို့မှ ၎င်းတို့၏အမည်သို့အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**မြေစာရင်းဦးစီးဌာန**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၄)ကျောင်း၊ Grade-7(A) မှ ကျောင်းသူ မလမင်း အိမ်၏ ဖခင်ဦးဝင်းဇော်၏ အမည်မှန်မှာ ဦးငြိမ်းဆောင် ၈/ပခက(နိုင်) ၁၉၉၈၈၈ ဖြစ်ပါကြောင်း။

**ဦးငြိမ်းဆောင်**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၄)ကျောင်း၊ Grade-9 မှ ကျောင်းသူ မသူသူ အောင်၏ဖခင် ဦးဘိုဘိုအောင်၏ အမည်မှန်မှာ ဦးဗိုလ်အောင် ၈/ပခက (နိုင်)၁၈၀၀၁၀ ဖြစ်ပါကြောင်း။

**ဦးဗိုလ်အောင်**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အထက(၂)ကျောင်း၊ Grade-5 တန်းမှ မမေပုလဲဖြူ၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၃/ကကရ(နိုင်) ၁၉၆၇၇၈ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက် ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၇)လမ်း၊ အမှတ်(၁၀၅၅)နေ ဦးမင်းထွဋ်အောင်-ဒေါ်ငြိမ်းငြိမ်းအိ တို့၏သား မောင်ဝေယံဘုန်းမြတ် Grade-3၊ ငြိမ်းကိုယ်ပိုင်အထက်တန်း ကျောင်းအား မောင်လင်းခန့်သော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းခန့်သော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/76643 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနောင် ၉/ဝတန (နိုင်)၁၉၁၅၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/16895 Honda SHADOW 400 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၁၀/ပမန(နိုင်) ၂၉၀၃၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

# (၅) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း (ငြိမ်း)

## (၁၅-၇-၂၀၂၁) မှ (၁၅-၇-၂၀၂၆)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၅-၇-၂၀၂၆)ရက်တွင် (၅)နှစ်ပြည့်သွားပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်လွမ်းဆွတ် သတိရလျက်ရှိဆဲပါ။ လစဉ် (၁၅) ရက်နေ့တိုင်း ဖခင်ကြီးအားရည်စူးပြီး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပေးနေပါတယ်။ ယနေ့ (၁၅-၇-၂၀၂၆)ရက်တွင် ဖခင်ကြီး ကွယ်လွန်ခြင်း (၅) နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(တောင်ပိုင်း) ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ရှိ စာသင်သား သံဃာ (၂၃၈) ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတစ်ပါးချင်းစီအတွက် ဝွမ်းမွေ့ယာ၊ အိပ်ယာခင်း၊ ခေါင်းအုံးစွပ်၊ စာရေးကိရိယာများ၊ ဆေးဝါးများ၊ အာဟာရဖြစ်ဖွယ်စားစရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဂျုတ်၊ ဆပ်ပြာ၊ ပရုတ်လုံး၊ ဘက်စုံသုံးဆပ်ပြာဆီစသော အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းအမျှပေးဝေခဲ့ပါတယ်။ သမီးတို့ပြုလုပ်ပေးခဲ့တဲ့ ပြုလုပ်နေဆဲ၊ ပြုလုပ်ပေးမဲ့ အဖေ့အတွက် ရည်စူးအလှူများကို ကျေးဇူးရှင်ဖခင်ကြီးရရှိပြီး မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေ့ကိုချစ်တဲ့သားသမီးများနှင့်**
**ဘိုးဘိုးကြီးချစ်တဲ့မြေးများ**

---

### (၅) နှစ်ပြည့် အောက်မေ့ဝတ်ပြုဆုတောင်းခြင်း

**U AUGUSTINE**

**FOUNDER OF AUGUSTINE ANTIQUE AND SOUVENIR SHOP**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်၂၆) ဘီနေ (ဦးအင်ဒရူးစ်၊ ဒေါ်မာဂရက်) တို့၏သားလတ်၊ (ဦးလူးဝစ်၊ ဒေါ်ထွေးစီ) တို့၏သားသမက်၊ ဒေါ်နယ်လီညိုညိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝဏ္ဏ @ Mark Augustine–ဒေါ်နွယ်နီအေး၊ Sint Sint Moe Canode–Devon Canode (ခေတ္တ USA) Wai Wai Lin Valle–Anthony Valle (ခေတ္တ USA)၊ မယဉ်ယဉ်သန့်၊ ကိုဇေယျာ @ Jabez တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းဇေယျာ @ Jonathan (ခေတ္တ USA)၊ Attica Canode (USA) တို့၏ ချစ်လှစွာသောအဘိုးဖြစ်သူ U Augustine ၏ ခရစ်တော်၌အိပ်ပျော်သွားသည့် ငါးနှစ်ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဝတ်ပြုဆုတောင်းခြင်း မစ္စားတရားတော်ပေးခြင်းအစီအစဉ်ကို (၁၈-၇-၂၀၂၆) ရက် (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ St Mary’s ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၈၇၊ ဦးပိုင်အမှတ် ၄-ခ/၁၁က/၈၇x၈၈လမ်းကြား၊ ၃၄ x ၃၅လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးကျော်စိုးလှိုင် ၉/မနတ(နိုင်) ဝ၉၆၉ဝ၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၆၆/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရ သူ ဒေါ်ချစ်စုဝေ ၉/ခအဇ(နိုင်) ဝ၁၇၃၄၄က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၃-ခ/၂၊ ဦးပိုင်အမှတ် ၁၆-ခ/၅၄x၅၆ လမ်းကြား၊ ၃၂x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်းကြီး ၁၂/ကတတ(နိုင်)ဝဝ၈၄၈၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၇၅/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်(ခ)တယ်မီကို ၉/မရမ(နိုင်)ဝ၃၉၄၃၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ ဗိုလ်ချိုလမ်း မြေကွက်အမှတ် (၈၁၀)၊ ဧရိယာ(၀.၀၇)ဧကအကျယ်အဝန်းရှိ ဒေါ်သီသီခိုင် (၁၂/စခန(နိုင်)ဝဝ၁ဝ၅၂) အမည်ပေါက် နှစ် (၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ အမည်ပေါက် ဒေါ်သီသီခိုင် (၁၂/စခန(နိုင်) ဝဝ၁ဝ၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိစိုး (စဥ် – ၁၄၆၃၀)** **ဒေါ်နှင်းသီရိ (စဥ် – ၁၉၀၂၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၀၂)၊ အကောက်ခွန် (၄)လမ်း၊ (၃၉) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉– ၉၇၈၇၅၉၆၂၇၊ ၀၉– ၇၉၅၇၇၂၆၅၅**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးသန်းအောင်**

**ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အသက် (၉၈) နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ ဦးသန်းအောင် သည် ၁၁-၇-၂၀၂၆ ရက် (စနေနေ့) ညနေ ၆:၄၅ နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ**
**ဒုတိယဥက္ကဋ္ဌများ၊**
**ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/9764 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ပ-၃၊ ဦးပိုင်အမှတ် ၈၆-က ခဲစင်းမြောက်ခြမ်း/ ၆၀x၆၁လမ်းကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၂၉၉/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်မော် ၉/မရမ(နိုင်)ဝ၇၂၃၆၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၉ဝ၁/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းဦး ၁/မညန(နိုင်)ဝ၈၉၅၂၉က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၆၊ ဦးပိုင်အမှတ် ၇၀+၇၁/၃၀x၃၁ကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေး ၁၃/လရန(နိုင်)ဝ၆၈၁၇၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အထက (ငွေးပင်) ကျောင်း Grade-6မှ မပဟေမာန်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင် ၈/ခမန(နိုင်) ၁၆၁၂၃၇ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်**

### ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက (၇) ကျောင်း Grade-7 မှ မချိုဇင်သံသာ၏ ဖခင်အမည်မှန်မှာ ဦးစမိုးဝင်း ၁၄/မမန(နိုင်)၂၆၂၄၄၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁)ရပ်ကွက်၊ အ-ထ-က (၁)၊ Grade-6(B) မှ မောင်နိုင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးရာစ်ဘီဟာရီ (၇/ကတခ(နိုင်)ဝ၇၆၆ဝ၆) ဖြစ်ပါကြောင်း။

**ဦးရာစ်ဘီဟာရီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ် (၃၆၂)၊ အလျားxအနံ ပေ(၄၀x၆၀)အကျယ်ရှိ ဒေါ်သန်းသန်းအေး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ဥမ္မာသိန်း (ဘ)ဦးမောင်မောင်သိန်း (၁၂/စခန(နိုင်)ဝဝ၇ဝ၄ဝ)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး (ဘ)ဦးအုံးမြင့် (၁၂/ကမရ(နိုင်)ဝ၁၅၈ဝ၉)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်သည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B,DBL, DIPL, DIL)(စဉ်–၁၄၆၆၈)** | **(LL.B, DIPL)(စဉ်–၁၈၇၂၆)** | **(LL.B, DBL) (စဉ်–၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း – ၀၉– ၄၂၀ ၃၀၀ ၂၆၂**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၁၉၄၂)၊ [ ဒေါ်ခင်ဦး (၁၂/ဗတထ(နိုင်)ဝ၂၄၆၃၅)အမည်ပေါက်]၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိမြေချ ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၁၉၄၃) [ ဦးတင်ဦး (YMN-ဝ၆၅၇၈၉)(၇/သဝတ(နိုင်)ဝဝ၆၈ဝဝ) အမည်ပေါက် ]၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိမာမာကြည် (၁၀/ခဆန(နိုင်)ဝ၈ဝ၁၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် (၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (၂၂၁)၊ ဧရိယာ (၀.၀၈၀)ဧကအနက်မှ (၀.၀၄၀)ဧကရှိ ဘိုးဘပိုင်မြေကွက်သည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးသန်းထွန်း အမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား (၁၀-၄-၂၀၂၆)ရက်စွဲပါ အရောင်းအဝယ် စာချုပ်အမှတ် (၃၂/၂၀၂၆) အရ ဦးအောင်မြင်ထွန်း၊ ဒေါ်ခင်မြတ်မွန်တို့မှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း စာရွက်စာတမ်း မူရင်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်မြေစာရင်း**
**ဦးစီးဌာန**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၂၆ ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ (၂၉)ပါ(ကမ- ၃) မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 33W /48332 အစား 38W/48332 ဟု ပြင်ဆင်ဖတ်ရှုပါရန် ။

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/29977, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၉/မရမ(နိုင်)ဝ၆၃၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၅၉x၆၀)ကြား၊ အမှတ်(40-C)နေ ဒေါ်ဝေမာစိုးကြည် (ဘ) ဦးစိုးကြည် (၁၂/သဃက(နိုင်)၁၅၆၅၁၂) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဂရန်အမှုတွဲအမှတ် (၂၀၆/၂၀၁၇-၂၀၁၈)၊ ဂရန်စာချုပ်နံပါတ် (၂၈၄/ ၂၀၁၇-၂၀၁၈)အရ ဦးခင်မောင်မြင့်အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန် ရရှိထားသည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၅)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေအား ဂရန်အမည်ပေါက်သူ ဦးခင်မောင်မြင့်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များအရ ဒေါ်စံအိမ်ဖူး (၁၂/ဒဂန(နိုင်)ဝ၃၇၃၉၉) မှ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေဖြစ်ကြောင်း၊ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေမာစိုးကြည်မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါအိမ်ခြံမြေကွက်နှင့်ပူးတွဲပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ–** |
| **ဒေါ်ဝေမာစိုးကြည်** | **ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L)စဉ် (၁၃၈၁၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့် ၊** |
| | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း – ၀၉–၄၀၂၅၁၀၈၁၈** |

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှုကိုတွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၁၄**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❒

## မန္တလေးမြို့ ရေခဲစက်လုပ်ငန်းတစ်ခုတွင် တရားမဝင်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှု လျှပ်စစ်ဥပဒေဖြင့် အရေးယူ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၁၂ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားရှိ ရေခဲစက်လုပ်ငန်းတစ်ခုတွင် တရားမဝင်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိသဖြင့် လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဇွန် ၂၆ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဇွန် ၂၆ ရက်က ခရိုင်နှင့် မြို့နယ်များတွင် အထွေထွေမန်နေဂျာအဆင့်

*စာမျက်နှာ ၁၃ ကော်လံ ၅* ✻



ဦးမျိုးအောင် ရေသန့်ရေခဲစက်လုပ်ငန်းတွင် တပ်ဆင်ထားသည့် စီတီမီတာအမှတ် - ၃၅၀၁၀၁ ၆၃၄၂ စာရင်းအမှတ်(P4/03/05) အား စစ်ဆေးနေစဉ်။

## ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့တို့၌ ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့် ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့တို့၌ ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့် ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ည ၉ နာရီတွင် ရမည်းသင်းမြို့ သီလဝ(၃) ရပ်ကွက်ရှိ ချစ်မိုးဆန်း (၃၆) နှစ်၏ နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖



တရားခံ ဇင်မျိုးအောင်(ခ)ဖိုးလ၊ မောင်သိန်း(ခ)ချစ်တီးနှင့် ချစ်မိုးဆန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြစ်သားမြို့နယ်၌ ကျောင်းပေါင်းစုံ(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



**မြစ်သား ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဖလား အသက်(၁၉) နှစ်အောက် ကျောင်းပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မြို့နယ်အားကစားကွင်းအတွင်း၌ကျင်းပရာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရွာခိုင်ကြီး အထက အသင်းနှင့် မင်းလည်

*စာမျက်နှာ ၁၆ ကော်လံ ၁* ✳

## မန်ယူက ပြောင်းရွှေ့ကြေး ပေါင် ၄၈ သန်းဖြင့် ကွင်းလယ်ကစားသမား ဆန်းတိုစ်ကို ခေါ်ယူ

မန်ယူအသင်းသည် ချယ်ဆီးမှ ဘရာဇီးကွင်းလယ် ကစားသမား အန်ဒရေဆန်းတို့စ်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၈ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီး အက်စ်တွန်ဗီလာအသင်းမှ ယူရီတိုင်လေမန်းစ်ကိုလည်းခေါ်ယူရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ▼



## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

ယနေ့
*သ တင်း အ ညွှန်း*

ဇလွန်မြို့နယ် အညာစုကျေးရွာ၌ အရှေ့-အာရှ ဆင်းရဲမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း(အဆင့်-၂)အတွက် ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်
ပြည်တွင်းသတင်း ➤ ၁၂

AI ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ထိခိုက်နိုင်ဟု နိုဘယ်ဆုရှင်များနှင့် သုတေသီများ သတိပေး
နိုင်ငံတကာသတင်း ➤ ၁၄